ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

# သဘာဝဘေးအန္တရာယ်ဆိုင်ရာစစ်တမ်း(၂၀၁၆)
# ကွင်းဆင်းကောက်ယူခြင်း အစီရင်ခံစာ

ဗဟိုစာရင်းအင်းအဖွဲ့
၂၀၁၇ ခုနှစ်

## သဘာဝဘေးအန္တရာယ်ဆိုင်ရာစစ်တမ်း(၂၀၁၆) ကွင်းဆင်းကောက်ယူခြင်း အစီရင်ခံစာ

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း | ၁ |
| ၂။ | တိုင်းဒေသကြီး/ပြည်နယ်များ အလိုက် တွေ့ရှိမှုအခြေအနေ | ၁ |
| ၂.၁။ | နေပြည်တော်ကောင်စီနယ်မြေ | ၁ |
| ၂.၂။ | ဧရာဝတီတိုင်းဒေသကြီး | ၃ |
| ၂.၃။ | ပဲခူးတိုင်းဒေသကြီး | ၆ |
| ၂.၄။ | မကွေးတိုင်း ဒေသကြီး | ၁၀ |
| ၂.၅။ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၂ |
| ၂.၆။ | မန္တလေးတိုင်းဒေသကြီး | ၁၇ |
| ၂.၇။ | ကချင်ပြည်နယ် | ၂၁ |
| ၂.၈။ | ကယားပြည်နယ် | ၂၁ |
| ၂.၉။ | ကရင်ပြည်နယ် | ၂၂ |
| ၂.၁၀။ | ချင်းပြည်နယ် | ၂၂ |
| ၂.၁၁။ | တနင်္သာရီတိုင်းဒေသကြီး | ၂၃ |
| ၂.၁၂။ | မွန်ပြည်နယ် | ၂၃ |
| ၂.၁၃။ | ရခိုင်ပြည်နယ် | ၂၃ |
| ၂.၁၄။ | ရန်ကုန်တိုင်းဒေသကြီး | ၂၄ |
| ၂.၁၅။ | ရှမ်းပြည်နယ် | ၂၅ |
| ၃။ | နိဂုံး | ၂၆ |
| ၄။ | နောက်ဆက်တွဲ | ၂၇ |

# သဘာဝဘေးအန္တရာယ်ဆိုင်ရာစစ်တမ်း(၂၀၁၆) ကွင်းဆင်းကောက်ယူခြင်း အစီရင်ခံစာ

## ၁။ နိဒါန်း

ဇဟိုစာရင်းအင်းအဖွဲ့သည် မြန်မာနိုင်ငံအတွင်းဖြစ်ပေါ်လျက်ရှိသည့် သဘာဝဘေး အန္တရာယ်လျော့ပါးရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ရန်၊ ဘေးအန္တရာယ်အပေါ် တုံ့ပြန်ဆောင်ရွက်ရန်၊ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သော စာရင်းအင်းအချက်အလက်များ ရရှိနိုင်ရေး၊ ပျက်စီးဆုံးရှုံးမှုစာရင်းများကို စစ်တမ်းကောက်ယူ၍ တိကျသောသတင်းအချက်အလက် ထုတ်ပြန်ပေးနိုင်ရေးနှင့်လိုအပ်ချက်များကို ဆန်းစစ်ဖော်ထုတ်နိုင်ရန် သဘာဝဘေးအန္တရာယ် ဖြစ်ပွားရသည့် အဓိကအကြောင်းရင်းများအတွက် ချက်ချင်း၊ ရေတို၊ ရေရှည်စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ခြင်းဖြင့် ထိခိုက်ပျက်စီးမှုများအား ပြန်လည်ထူထောင်ရေးနှင့် နောက်ပိုင်းကာလအတွက် ကြိုတင်ပြင်ဆင်ထားနိုင်ရန် ရည်ရွယ်၍ **သဘာဝဘေးအန္တရာယ် ဆိုင်ရာ စစ်တမ်းကွင်းဆင်းကောက်ယူခြင်း**လုပ်ငန်းကို တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလအတွင်း ဆောင်ရွက်ခဲ့ပါသည်။

သဘာဝဘေးဒဏ်အများဆုံး ခံစားခဲ့ရသော နေပြည်တော်ကောင်စီ၊ ဧရာဝတီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် ဇဟိုစာရင်းအင်းအဖွဲ့ ရုံးချုပ်မှ ဝန်ထမ်းများကွင်းဆင်းကောက်ယူခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များဖြစ်သည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့်ရှမ်းပြည်နယ်တို့တွင်သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ် ဇဟိုစာရင်းအင်းအဖွဲ့ရုံးခွဲရှိ ဝန်ထမ်းများမှ ကွင်းဆင်းကောက်ယူခဲ့ပါသည်။

## ၂။ တိုင်းဒေသကြီး/ပြည်နယ်များ အလိုက် တွေ့ရှိမှုအခြေအနေ

### ၂.၁။ နေပြည်တော်ကောင်စီနယ်မြေ

နေပြည်တော်ကောင်စီနယ်မြေတွင် ၂၀၁၆ခုနှစ်အတွင်း ရေဘေးသင့်မှု အများဆုံးဖြစ်ပေါ်ခဲ့သည့် တပ်ကုန်းမြို့နယ်နှင့်လယ်ဝေးမြို့နယ်များသို့ ကွင်းဆင်းကောက် ယူခဲ့ ပါသည်။

**၂.၁.၁။ တပ်ကုန်းမြို့နယ်**

တပ်ကုန်းမြို့နယ်တွင် သံပုရာကုန်းကျေးရွာအုပ်စု၊နှင့် ခရမ်းစပ်ကုန်းကျေးရွာအုပ်စုရှိ သံပုရာကုန်းကျေးရွာ၊ လက်ပံအိုင့်ကျေးရွာ၊ ညောင်ပင်သာရွာတို့တွင် ကွင်းဆင်းကောက်ယူခဲ့ပါသည်။

သစ်တောပြုန်းတီးခြင်း၊ ဆင်သေချောင်း တိမ်ကောကျဉ်းမြောင်းလာခြင်း၊ လက်လုပ်ဆည်များတည်ဆောက်ထားခြင်း၊မိုးရွာသွန်းမှုများပြားခြင်းကြောင့်ဆင်သေဆည်ရေကျော်ခြင်း အကြောင်းရင်းများကြောင့် ရေကြီး၊ရေလျှံခြင်းများ ဖြစ်ပေါ်ခဲ့ပါသည်။

တွေ့ရှိချက်များအနေဖြင့် –

(က)ဆင်သေချောင်းအထက်ပိုင်း ရေဝေရေလဲဒေသရှိ သစ်တောများကို တောင်ယာခုတ်ထွင်၍ စိုက်ပျိုးခြင်းများ၊ မီးသွေးဖုတ်ခြင်းများ၊ သစ်ထုတ်လုပ်မှုများကြောင့် သစ်တောများ ပြုန်းတီးခြင်း၊

(ခ) ဆင်သေဆည် ရေထောက်မှုကြောင့် ချောင်းအတွင်း နှင့် ချောင်းဘေးဝဲယာသို့ ရေစီးနှင့်အတူ အနည်အနှစ်များ၊ သဲနုန်းများ ပို့ချမှုများကို ဖြစ်ပေါ်စေပြီး ချောင်းမျက်နှာပြင် မြင့်တက်၍ ချောင်းတိမ်ကောမှုများ၊ ချောင်းအကျယ်အဝန်း ကျဉ်းမြောင်းမှုများ နှင့် ရေလမ်းကြောင်းပြောင်းလဲမှုများ ဖြစ်ပေါ် လာခြင်း၊

(ဂ) ယခင်က ဆင်သေဆည်မှ သံပုရာကုန်းကျေးရွာသို့ စက်လှေများဖြင့် သွားရောက်နိုင်ခဲ့သော်လည်း ယခုအခါ ချောင်း၏ အကျယ်အဝန်းမှာ ယခုနှင့် နှိုင်းစာလျှင် ၃ ပုံ ၂ ပုံခန့်သာရှိ၍ ရေ၏ အမြင့်မှာ ၁ ပေခန့်ထုသာ ရှိခြင်း၊

(ဃ) ဆင်သေချောင်းအထက်ပိုင်းရှိ ကျေးရွာများတွင် လယ်ယာစိုက်ပျိုးရန် အတွက် တည်ဆောက်ထားသော လက်လုပ်ဆည်များကြောင့် မိုးများ အဆက်မပြတ်ရွာသွန်းသည့်အခါ လက်လုပ်ဆည်များ ကျိုးပေါက်၍ ရေကြီးရေလျှံမှုကို ဖြစ်ပေါ်စေခြင်း ဖြစ်ပါသည်။

**လိုအပ်ချက်များအနေဖြင့်–**

(က) ချောင်းတိမ်ကောမှုကို ကာကွယ်ရန်အတွက် မြေထိန်းနံရံများ တည်ဆောက်ခြင်း နှင့် သဲသောင် တူးခြင်းများ ဆောင်ရွက်ရန်။

(ခ) သစ်တောစိုက်ခင်းများပြန်လည်ထူထောင်ရန် ဖြစ်ပါသည်။

### ၂.၁.၂။ လယ်ဝေးမြို့နယ်

လယ်ဝေးမြို့နယ်တွင် ဥဿျစ်လှိုင်းကျေးရွာအုပ်စုရှိ ဥဿျစ်လှိုင်းကျေးရွာနှင့် ကျောက်မီးကူ ကျေးရွာ တို့တွင် ကွင်းဆင်းကောက် ယူခဲ့ပါသည်။

မိုးရွာသွန်းမှုများပြားပြီး ပလွေချောင်းရေလျှံခြင်းနှင့် ရေစီးသန်ခြင်းတို့ကြောင့် ရေကြီး၊ ရေလျှံခြင်း၊ ကမ်းပြိုခြင်းတို့ ဖြစ်ပေါ်ခဲ့ပါသည်။ချောင်းရေတိုက်စားမှုကြောင့် မြေပြိုခြင်း နှင့် အိမ်များ ရွှေ့ပြောင်းရခြင်း၊ လယ်ယာမြေ (စပါး+ မြေပဲ) စိုက်ဧရိယာများ ပျက်စီးခြင်းနှင့်တံတား (၁)စင်းပျက်စီးခဲ့သည့်သောကြောင့်

(က) ချောင်းရေလျှံမှုနှင့် မြေပြိုမှုများကြောင့် ချောင်းနှင့် ဝေးသော ယာမြေများပေါ်တွင် အကွက်ဖော်၍ အိမ်များကိုရွှေ့ပြောင်းပေးနိုင်ရန်နှင့်

(ခ) ချောင်းရေထိန်းနံရံ တည်ဆောက်ရန် လိုအပ်လျက် ရှိပါသည်။

### ၂.၂ ။ ဧရာဝတီတိုင်းဒေသကြီး

ဧရာဝတီတိုင်းဒေသကြီးတွင် ညောင်တုန်းမြို့နယ်၊ သာပေါင်းမြို့နယ်နှင့်ဇလွန်မြို့နယ် များသို့ ကွင်းဆင်းကောက်ယူခဲ့ပါသည်။

### ၂.၂.၁။ ညောင်တုန်းမြို့နယ်

ညောင်တုန်းမြို့နယ်တွင် ရွာဟောင်းကျေးရွာအုပ်စု၊ ကျောင်းစုကျေးရွာအုပ်စုနှင့် ကုက္ကိုဝ ကျေးရွာအုပ်စုတို့တွင် ကွင်းဆင်းကောက်ယူခဲ့ပါသည်။ စံကင်းကျွန်း ကန်ပတ်တာ ရေစိမ့်ဝင်မှုနှင့် ရေလျှံမှုဖြစ်ခြင်းကြောင့် ရေကြီးရေလျှံခြင်း ဖြစ်ပေါ်ခဲ့ပါသည်။

စံကင်းကျွန်းတွင်စုစုပေါင်းကျေးရွာအုပ်စု၁၉ အုပ်စုရှိပြီးအိမ်ခြေပေါင်း၁၉၆၄၅အိမ်နှင့် အိမ်ထောင်စုပေါင်း ၁၉၈၁၈ စုရှိပါသည်။ စုစုပေါင်းလူဦးရေ ၈၄၃၉၉ ဦးရှိပြီး ကျား ၄၁၅၄၃ ဦး နှင့် မ ၄၂၈၅၆ ဦး နေထိုင်လျက် ရှိပါသည်။ မိုးစပါးစိုက်ဧက ၂သိန်းနီးပါးနှင့် နွေစပါးစိုက်ဧက ၂သိန်းနီးပါး ရှိသဖြင့်စုစုပေါင်းစိုက်ဧက၄သိန်းနီးပါးရှိပြီးတိုင်းဒေသကြီး တစ်ခုလုံး၏၁၀ % ခန့်ဖြစ်ပါသည်။

စံကင်းကျွန်း ကန်ပတ်တာရေစိမ့်ဝင်မှုနှင့်ရေလျှံမှုဖြစ်ရခြင်းအကြောင်းရင်းများမှာ–

(က) တာနိမ့်လာခြင်း၊

အပေါက်များဖြစ်လာခြင်းတို့ကြောင့်ကျိုးနိုင်ချေမြင့်မားလျက်ရှိခြင်း၊

(ခ) အချို့နေရာများတွင်ကြွက်အန္တရာယ်ကြောင့်မြေတွင်းများဖြစ်ပေါ်လျက်ရှိခြင်း၊

(ဂ) ၂၀၁၆ ခုနှစ်ရေဘေးအန္တရာယ်ကြောင့် အချို့နေရာများတွင် တာများ ကျိုးဝင်နိမ့်ကျလျက်ရှိခြင်း၊

(ဃ) ကျောင်းစုရေတံခါးမှ ကုက္ကိုဝရေတံခါး အထိ တူးမြောင်းရှိသော်လည်း ရေတံခါးနှစ်ခုစလုံးမှာပျက်စီးလျက်ရှိခြင်း၊

(င) ရေတံခါးများပျက်စီးမှုကြောင့် တူးမြောင်းရှိရေပမာဏမှာလည်း နိမ့်ကျလျက်ရှိပြီး မိုးရာသီတွင် ရေလျှံမှုကိုဖြစ်ပေါ်စေ၍ နွေရာသီတွင်ရေရှားပါးမှုကိုဖြစ်ပေါ် စေခြင်းတို့ဖြစ်ပါသည်။

**လိုအပ်ချက်များအနေဖြင့်–**

(က) စံကင်းကျွန်းကန်ပတ်တာပြုပြင်မွမ်းမံခြင်းနှင့်အဆင့်မြှင့်တင်ရန်။

(ခ) တာဖိနပ် (လမ်း) တည်ဆောက်ရန်။

(ဂ) ကျောင်းစုရေတံခါးနှင့်ကုက္ကိုဝရေတံခါးများပြုပြင်မွမ်းမံရန်။

(ဃ) ကျောင်းစုရေတံခါးမှ ကုက္ကိုဝရေတံခါးထိတူးမြောင်းရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်ရန်။

(င) ရွှေ့ပြောင်းနေထိုင်နိုင်သည့် Shelter များ(သို့) စာသင်ကျောင်းများတည်ဆောက်ရန်တို့ ဖြစ်ပါသည်။

**၂.၂.၂။ သာပေါင်းမြို့နယ်**

သာပေါင်းမြို့နယ်တွင် ရှင်ကြီးပျောက်ကျေးရွာအုပ်စု၊ လင်းတာကျကျေးရွာအုပ်စု၊ ရွှေညောင်ပင်ကျေးရွာအုပ်စုနှင့် ဘုရားနီကျေးရွာအုပ်စုများသို့ ကွင်းဆင်းကောက်ယူခဲ့ပါသည်။ ဝဝန်တာရေလျှံခြင်းနှင့် မြစ်ကြောင်းတိမ်ကောပြီး ရေစီးလော မကောင်းခြင်းကြောင့် ရေကြီးမှုကိုဖြစ်ပေါ်စေပါသည်။

ရှင်ကြီးပျောက်ကျေးရွာအုပ်စုတွင် နှစ်စဉ် ဇွန်လမှ ဩဂုတ်လကုန်အထိ ရေလွှမ်းမိုးမှုဒဏ်ကို ခံစားကြရပြီး တစ်နှစ်ထက်တစ်နှစ် ပိုမိုဆိုးရွားစွာ ခံစားရလျက်ရှိပါသည်။ ရေမြင့်တက်မှုအနေဖြင့် အိမ်ခြေမှ အမြင့် (၁၂)ပေခန့်ရှိပါသည်။

လင်းတာကျကျေးရွာရှိ သောက်သုံးတွင်းရေတွင် အာဆင်းနစ်ဓာတ် (ခေါ်)သံဓာတ်များပါဝင်နေပြီးသောက်သုံးရန်မသင့်လျော်သည့်အတွက် World Version အကူအညီဖြင့် သောက်သုံးရေကန်(၁)ကန်ကိုတည်ဆောက်ထားပါသည်။ သို့သော် သောက်သုံးရေ ရရှိမှုမှာ လုံလောက်မှုမရှိကြောင်း တွေ့ရှိရပါသည်။ မိုးကာလတွင်ရေကြီးပြီး နွေရာသီတွင်ရေခန်းသည့်အတွက်ရေပြတ်လပ်မှုများကြုံတွေ့သည့်အပြင်သွားလာရေးခက်ခဲမှုများကြုံတွေ့ရပါသည်။

ဘုရားနီကျေးရွာအုပ်စုတွင် စုစုပေါင်းလူဦးရေ၁၅၄၇ဦးသာ ရှိသော်လည်း မသန်စွမ်းသူများဦးရေ (၄၇)ဦးရှိပါသည်။ နှစ်စဉ်ရေတွင် (၆)လနှင့်ကုန်းတွင် (၆)လ နေရသောကျေးရွာအုပ်စုဖြစ်ပြီး ဩဂုတ်လနှင့် စက်တင်ဘာလအထိ ရေလွှမ်းလျက် ရှိပါသည်။ အဆောက်အဦများမှာခြေတံရှည် အိမ်များနှင့် အဆောက်အဦများဖြစ်ပြီး မြေပြင်မှ အမြင့် ၁၁ပေ၊ ၁၂ပေ ခန့်မှ ကြမ်းခင်း၍ နေထိုင်ကြရပါသည်။

**လိုအပ်ချက်များအနေဖြင့်**–

(က) ဘုရားနီချောင်း၊ လင်းတာကျချောင်းမြောင်းများ ရေစီးရေလာ ကောင်းမွန်ရေး ဆောင်ရွက် ပေးရန်။

(ခ) သောက်သုံးရေရှားပါးမှုကိုဖြည့်ဆည်းပေးရန်။

(ဂ) ရွှေ့ပြောင်းနေထိုင်နိုင်သည့်ခိုင်ခံ့သော Shelter များ (သို့) Shelter အဖြစ် အသုံးပြုနိုင်သောစာသင်ကျောင်းများ တည်ဆောက်ပေးရန်။

(ဃ) မြို့နယ်တစ်ခုခြင်း၏ Project များကို ဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်မြို့နယ်များ အပေါ် အကျိုးသက်ရောက်မှုကိုပါ ထည့်သွင်းစဉ်းစားဆောင်ရွက်နိုင်ရန်။

(င) ဘုရားနီချောင်းနှင့်ဘုရားနီကျေးရွာမှရေထွက်ပေါက် ချောင်းများကို ချောင်းပိတ်၍ ငါးဖမ်းခြင်းလုပ်ငန်းများကို စိစစ်ရန်။

(စ) ကျန်းမာရေးစောင့်ရှောက်မှုနှင့် ဆက်စပ်အသိပညာများ ဖြည့်ဆည်းပေးရန်။

(ဆ) ဘုရားနီ ကျေးရွာ၏ အဆောက်အဦး Project များ ချမှတ်ဆောင်ရွက်ရာတွင် ဒေသနှင့် ကိုက်ညီ၍ ရေလွတ်နိုင်သော အမြင့်များ စဉ်းစားပေးရန် တို့ ဖြစ်ပါသည်။

## ၂.၂.၃။ ဇလွန်မြို့နယ်

ဇလွန်မြို့နယ်တွင် ရေလဲအုပ်စုရှိ ရေလဲကျေးရွာ၊ ပိုင်ကျုံကျေးရွာ၊ ကံကြီးစု၊ ဒေါ်ခြူးကုန်း၊ ဒေါ်ငြင်ကုန်း၊ ဦးထူးကျွန်း၊ ရေလယ်သောင်လေးကျေးရွာများသို့ ကွင်းဆင်း ကောက်ယူခဲ့ပါသည်။ မြောင်းသစ်မြောင်းဖောက်လုပ်ခြင်းနှင့် မြောင်းသစ်မြောင်းပိတ်ဆို့ခြင်းကြောင့် ရေကြီးရေလျှံခြင်းနှင့် မြေပြိုခြင်းတို့ကို ဖြစ်ပေါ်စေခဲ့ပါသည်။

(က) ဧရာဝတီမြစ်ကမ်းနံဘေးတွင်တည်ရှိပြီး မြစ်ကြမ်းပြင် တိမ်ကောလာခြင်းနှင့် ရေလဲတာ နိမ့်ခြင်း၊

(ခ) ဒေသစိုးရိမ်ရေ အမှတ်မှာ (၃၈) ပေ ဖြစ်ပြီး အန္တရာယ်ရှိသည့်အမှတ်မှာ (၄၂) ပေ ဖြစ်သော်လည်း ၂၀၁၆ ခုနှစ်တွင် (၄၆) ပေ ထိရှိခဲ့သဖြင့် အန္တရာယ်အမှတ်ထက် ကျော်လွန်ခဲ့ခြင်း၊

(ဂ) မြစ်သစ်မြောင်း ဖောက်လုပ်စဉ်က ပေ၅ဂသာ ကျယ်ဝန်းသော်လည်း ယခု အကျယ် အဝန်းမှာ ကမ်းဘေး ရေတိုက်စားမှုကြောင့် ပေ ၁ဂဂ ခန့် ရှိလာခြင်း၊

(ဃ) ရေလဲကျေးရွာတွင် အသက်မွေးဝမ်းကျောင်းပြုသည့်ယာမြေများ ဆုံးရှုံးရသည့် အပြင် နေစရာမြေများပါ ရေတိုက်စားခံရသည့်အတွက် နေစရာမရှိခြင်းနှင့် ရွှေ့ပြောင်းရန် မြေနေရာလည်း ကျေးရွာအတွင်း မရှိခြင်းတို့ ဖြစ်ပါသည်။

**လိုအပ်ချက်များအနေဖြင့်–**

(က) မြစ်သစ်မြောင်းရေစီးရေလာကောင်းမွန်ရေးပိတ်ဆို့နေသည့်သဲများဖယ်ရှားပေးရန်၊

(ခ) မြစ်ကြမ်းပြင်တိမ်ကောမှုများအတွက် မြစ်ကြောင်းထိန်းသိမ်းရန်။

(ဂ) ရေတိုက်စားကမ်းပြိုခြင်းကြောင့် ပျက်စီးနေအိမ်များအတွက် မြေနေရာများ ပြန်လည် စီစစ်ချထားပေးရန်လိုအပ်လျက် ရှိပါသည်။

## ၂.၃။ ပဲခူးတိုင်းဒေသကြီး

ပဲခူးတိုင်းဒေသကြီးတွင်ကဝမြို့နယ်၊ သနပ်ပင်မြို့နယ်၊သာယာဝတီမြို့နယ်နှင့်ဝေါမြို့နယ် များသို့ ကွင်းဆင်းကောက်ယူခဲ့ပါသည်။

### ၂.၃.၁။ ကဝမြို့နယ်

ကဝမြို့နယ်တွင် ဝဲပတန်ကျေးရွာအုပ်စု၊ တံတားဦးကျေးရွာအုပ်စု၊ မမောက်ကျေးရွာ အုပ်စု တို့တွင် ကွင်းဆင်းကောက်ယူခဲ့ပါသည်။

ဝဲပတန်ကျေးရွာအုပ်စုတွင် မိုးများ၍ ရေကြီးခြင်းမှာ ဖြစ်ရိုးဖြစ်စဉ်တစ်ခုသာ ဖြစ်ပါသည်။ သို့သော်မိုးအလွန်ကြီးပါက စစ်တောင်းမြစ် မြစ်ရေလျှံခြင်း၊ ရေတိုက်စားခြင်းကြောင့် ကမ်းပြို ခြင်းများဖြစ်ပေါ် လာမှုကြောင့် လယ်ယာမြေများ ပျက်စီးဆုံးရှုံးရပါသည်။

တံတားဦးကျေးရွာအုပ်စုတွင် စာဖြူစု၊ တံတားဦးနှင့် သမ္ဘာန်ဆိပ်ဟူ၍ ကျေးရွာ(၃) ရွာ ရှိပြီး သမ္ဘာန်ဆိပ်ကျေးရွာမှာ အနီးအနားရှိရွာများနှင့် ပဲခူးမြို့သို့ ရွာလုံးကျွတ် ပြောင်းရွှေ့ခဲ့ရပြီး လက်ရှိအချိန်တွင် ရွာခံလူဦးရေ (၃) ဦးသာကျန်ရှိပါတော့သည်။ စာဖြူစုကျေးရွာမှာလည်း ကမ်းပြိုမှုကြောင့် ယာယီစီစဉ်ပေးထားသောနေရာတွင် ရွှေ့ပြောင်းနေထိုင်နေသဖြင့် တံတားဦး ကျေးရွာတစ်ခုတည်းသာမူလနေရာတွင်ကျန်ရှိလျက်ရှိပါသည်။

ကမ်းပြိုမှုဒဏ်ကြောင့် အဆောက်အဦများ၊ လယ်ယာမြေများ ပျက်စီးဆုံးရှုံးမှု(၃)နှစ် ဆက်တိုက် ဖြစ်ပွားခဲ့သည့်အတွက် ဆုံးရှုံးမှုများစွာ ဖြစ်ပေါ်ခဲ့ရပြီးကမ်းပြိုမှုကို မတားဆီး နိုင်ပါက ရွာရှိလူနေအိမ်များ ဆုံးရှုံးရမည့်အခြေအနေနှင့် ရင်ဆိုင်နေရပါသည်။ ရွာသူရွာသား

အများစုမှာ လယ်ယာလုပ်ငန်းကိုလုပ်ကိုင်ကြပြီး တောင်သူများအနေဖြင့် မိမိတို့လယ်မြေများ ဆုံးရှုံးခဲ့ရပြီး ပုံစံ(၇) လက်ဝယ်ကိုင်ဆောင်ထားသည့် လယ်သမားများမှာလယ်မြေများဆုံးရှုံးပြီး စိုက်ပျိုးရန် လယ်မြေ မရှိကြောင်း တွေ့ရှိရပါသည်။

ရေငန်တားဘောင်များ တည်ဆောက်ထားသော်လည်း ရေငန်ဝင်ရောက်မှုကိုသာ တားဆီး နိုင်ပြီးအောက်ခြေမြေသား ပျော့ပျောင်းမှု၊ ခိုင်မာတောင့်တင်းမှု မရှိခြင်းတို့ကြောင့် မိုးကြီးလျှင် ကမ်းပြိုမှုများဖြစ်ပေါ်လေ့ရှိပါသည်။

(က) ခိုင်ခံ့သောရေငန်တားတာတမံတည်ဆောက်ပေးရန်၊

(ခ) ကမ်းပြိုခြင်းကို တားဆီးနိုင်ရေး ဆောင်ရွက်ပေးရန်နှင့်

(ဂ) ကမ်းပြိုခြင်းဆက်လက်ဖြစ်ပွားနေပါက ပြောင်းရွှေ့ရန်အတွက် နေရာသတ်မှတ် ချထားပေးရန် လိုအပ်လျက်ရှိပါသည်။

**၂.၃.၂။ သနပ်ပင်မြို့နယ်**

ကသစ်ခုံကျေးရွာအုပ်စု၊ ကျွဲတဲကျေးရွာအုပ်စုနှင့်ကမ်းပြိုကျေးရွာအုပ်စု တို့တွင် ကွင်းဆင်းကောက်ယူခဲ့ရာ စစ်တောင်းမြစ် ရေလမ်းကြောင်းပြောင်းပြီး ရေတိုက်စားခြင်းကြောင့် ကမ်းပြိုမှု ဘေးဒဏ်ကို အဓိက ခံစားရကြောင်း တွေ့ရှိရပါသည်။ တွေ့ရှိချက်များမှာ–

(က) ကသစ်ခုံကျေးရွာသည်လွန်ခဲ့သောနှစ် (၄၀)က ကမ်းပြိုခြင်းကို တစ်ကြိမ် ခံစား ခဲ့ရပြီးရွာ၏သုံးပုံနှစ်ပုံ ပြိုကျပျက်စီးခဲ့ရသည့်နောက်ပိုင်း ၂၀၀၃ ခုနှစ်မှစ၍ ကမ်းပြိုခြင်းဒဏ်ကို ထပ်မံခံစားခဲ့ကြရပါသည်။ ၂၀၁၆ ခုနှစ်တွင် ကမ်းပြိုမှု ကြောင့် အချို့အိမ်ခြေများမှာ နှစ်ကြိမ်တိုင်တိုင် ပြောင်းရွှေ့ခဲ့ရပါသည်။

(ခ) အဓိကစီးပွားရေးလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်၍ လက်ရှိအခြေအနေတွင် တောင်သူအချို့၏လယ်မြေများ ကမ်းပြိုမှုတွင်ပါဝင်ခဲ့သဖြင့် အလုပ်အကိုင် အခွင့် အလမ်းရှားပါး၍ ကျပန်းလုပ်ငန်းများ လုပ်ကိုင်နေရပါသည်။

(ဂ) ၂၀၁၆ခုနှစ်တွင် ဖြစ်ပွားခဲ့သော ကမ်းပြိုမှုကြောင့် ကသစ်ခုံကျေးရွာတစ်ရွာလုံး ရွှေ့ပြောင်းခဲ့ရပါသည်။ အဓိကဖြစ်ပွားခဲ့ရသည့် အကြောင်းရင်းမှာ စစ်တောင်းမြစ် စီးဆင်းရာ မြစ်ကြောင်းပြောင်းပြီးရေတိုက်စားခြင်းကြောင့် ဖြစ်ပါသည်။

(ဃ) ကျွဲတဲကျေးရွာအုပ်စုတွင် ကျွဲတဲနှင့်အလံပြဟူ၍ ကျေးရွာနှစ်ရွာပါဝင်ပြီး ရေကြီး ခြင်းနှင့်ကမ်းပြိုခြင်းကိုခံစားခဲ့ရသည်။ ရေကြီးခြင်းမှာ ဖြစ်ရိုးဖြစ်စဉ်တစ်ခုသာ ဖြစ်သော်လည်း ကမ်းပြိုခြင်းဒဏ်ကို ၂၀၀၀ ခုနှစ်မှ စတင်ခံစားခဲ့ရပြီး မိုးတွင်း ကာလတွင် ပုံမှန်ပြိုလေ့ရှိပါသည်။ လက်ရှိအချိန်တွင် ကျွဲတဲရွာမကြီးမှာ မူ

လနေရာမှပြောင်းရွှေ့၍ နီးစပ်ရာ မြေလွတ်မြေရိုင်းများတွင် နေထိုင်ခြင်း၊ လယ်မြေများကို ပြန်လည်ဝယ်ယူ၍ နေထိုင်ခြင်းများ ပြုလုပ်နေကြရပါသည်။ ကမ်းပြိုမှုကြောင့် လယ်မြေများဆုံးရှုံးခြင်း၊ စိုက်ပျိုးသီးနှံများဆုံးရှုံးခြင်းကြောင့် စီးပွားရေးထိခိုက်ခဲ့ရပြီး အလုပ်အကိုင်အခွင့်အလမ်းများ ရှားပါးခြင်းနှင့် ရင်ဆိုင်နေရပါသည်။

(င) ကမ်းပြိုကျေးရွာ၏တည်နေရာအနေအထားသည်စစ်တောင်းမြစ်ကမ်းနဖူးတွင် တည်ရှိသဖြင့် မြစ်ရေတိုက်စားခြင်းကို နှစ်စဉ် ခံစားခဲ့ရပြီး ၂၀၀၀ ခုနှစ်မှစ၍ ကမ်းပြိုမှုဒဏ်ကို ခံစားခဲ့ရပြီး ယခုအချိန်တွင် ရွာလုံးကျွတ် ပြောင်းရွှေ့နေထိုင်နေပါသည်။

**လိုအပ်ချက်များအနေဖြင့်–**

(က) ကမ်းပြိုကျေးရွာအုပ်စုတွင် ခိုင်ခံ့သော ရေငန်တား တာဘောင်များ ဆောက်လုပ်ပေးရန်နှင့် အိမ်ထောင်စုများအတွက် လက်ရှိ နေထိုင်နေသော နေရာအနီးတွင် နေရာအတည်တကျ ချထားပေးပါရန်၊

(ခ) ကသစ်ခုံကျေးရွာအုပ်စုတွင် နေထိုင်သူများမှာ တောင်သူများသာဖြစ်၍ ၎င်းတို့၏ ကျန်ရှိနေသေးသောလယ်ယာမြေများအနီးတွင် တောင်သူလုပ်ငန်း လုပ်ကိုင်၍ နေထိုင်နိုင်ရန်အတွက်နေရာအတည်တကျ သတ်မှတ်ချထား ပေးပါရန်၊

(ဂ) ကသစ်ခုံကျေးရွာအုပ်စု၊ကျွဲတဲကျေးရွာအုပ်စုနှင့် ကမ်းပြိုကျေးရွာအုပ်စုများ အတွက်စစ်တောင်းမြစ် မြစ်ကြောင်းဖြောင့်စေရန် သောင်တူးစက်ဖြင့် တူးဖော်ပေးရန်နှင့် လယ်ယာမြေ ဆုံးရှုံးခဲ့သော တောင်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးခြင်း၊ လယ်ယာမြေဖော်ထုတ်ပေးခြင်းတို့ ပြုလုပ်ပေးရန် လိုအပ်ပါသည်။

**၂.၃.၃။ သာယာဝတီမြို့နယ်**

ဖိုးခေါင်ကျေးရွာနှင့်အိပ်လဟာကျေးရွာတို့တွင် မိုးများ၍ဧရာဝတီမြစ်၏မြစ်လက်တက်ဖြစ်သော မြစ်မခမြစ်အတွင်းသို့ ရေဝင်များ၍မြစ်ရေကြီးခြင်း၊ မြစ်ရေလျှံခြင်း၊ မြစ်ရေစီးဆင်းရာရေကြောင်းပြောင်း၍မြစ်ရေတိုက်စားမှုကြောင့် ကမ်းပါးပြိုခြင်းများ ဖြစ်ပေါ်ခဲ့ပါသည်။

ဘိုကုန်းကျေးရွာအုပ်စုတွင်ဇရပ်ကြီး(အထက်) ကျေးရွာ၊ဇရပ်ကြီး (အောက်စု) ကျေးရွာ၊ ရွာသစ်ကျေးရွာ၊ ရေကျော်ကျေးရွာ၊ ကမ်းပြိုကျေးရွာ၊ ဖိုးခေါင်ကျေးရွာ၊ ဘိုကုန်းကျေးရွာနှင့်

ညောင်ပင်ကိုင်းကျေးရွာတို့ပါဝင်ပြီး ရေကြီးရေလျှံခြင်းကို နှစ်စဉ်ခံစားနေရသောကြောင့် ဖြစ်ရိုး ဖြစ်စဉ်တစ်ခုသာ ဖြစ်သော်လည်း၊ယခုအချိန်အခါတွင်အခြေအနေပိုမို ဆိုးရွားလာပါသည်။ ၁၉၇၃ခုနှစ်နှင့်၂၀၀၄ခုနှစ်များတွင် ရေကြီးရေလျှံမှုဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရပြီး နောက်ပိုင်း ကာလများတွင်ဆိုးရွားစွာ ခံစားရခြင်းမရှိဘဲ ၂၀၁၅ ခုနှစ်နှင့် ၂၀၁၆ခုနှစ်များ တွင်ပြန်လည်၍ ခံစားခဲ့ရပါသည်။၂၀၁၆ခုနှစ်မှစ၍ရေကြီးရေလျှံမှုအပြင်ကမ်းပြိုမှုဒဏ်ကိုလည်း စတင်ခံစား ခဲ့ရပါသည်။ ဧရာဝတီမြစ်၏ မြစ်လက်တက်တစ်ခုဖြစ်သော မြစ်မခမြစ်ရေလမ်းကြောင်း ပြောင်း၍ ရေတိုက်စားရာမှ လူနေအိမ်ခြေ နှင့်ကိုင်းမြေ အချို့ပြိုကျပျက်စီးခဲ့ပါသည်။

အိပ်လဟာကျေးရွာအုပ်စုတွင်ကျေးရွာ (၁၁) ရွာရှိပြီး ရေကြီးရေလျှံမှုဒဏ်ကို နှစ်စဉ် ခံစားခဲ့ရသော်လည်း ၂၀၁၅ခုနှစ်မှစ၍ ဆိုးဆိုးရွားရွား ခံစားခဲ့ရပါသည်။ ကွမ်းခြံကျေးရွာနှင့် လေးတူးကျေးရွာကိုဆက်သွယ်ထားသောတာကျိုး၍၂၀၁၆ ခုနှစ်တွင်ဖြစ်ပွားခဲ့သည့်ရေကြီး မှုမှာအဆိုးဆုံးဖြစ်ပါသည်။ ဒေသခံရွာသူ/သားများအနေဖြင့် မိုးတွင်းကာလ၌ဆက်သွယ် သွားလာရန် တာရိုးကိုအသုံးပြု၍ မရသဖြင့် ရိုးလမ်းကြောင်းမှလည်း သွားလာရန် ခက်ခဲခြင်း ကြောင့် ကျောင်းသား/သူများ၏ ပညာသင်ကြားရေးအတွက်အခက်အခဲများဖြစ်ပေါ်နေပါသည်။

ဘိုကုန်းကျေးရွာအတွက်မြစ်မခမြစ်အတွင်းရေဝင်ရောက်မှုထိန်းသိမ်းနိုင်ရန်ရေကာတာ ဆောက်လုပ်ပေးရန်၊ အင်းပေါက်များမှ ရေသွင်းရေထုတ်ခြင်းကို ထိန်းချုပ်ပေးရန်၊ စံရွှေးဖိုးခေါင် မြစ်ကူးတံတားမှာ ကမ်းပြိုမှုအန္တရယ်ကို ခံစားရနိုင်ဖွယ်ရှိသဖြင့် ကြိုတင်ကာကွယ်ခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးရန်၊ မလော့ရှမ်းကုန်းကျေးရွာအတွက် တစ်စိတ်တစ်ပိုင်း ပြိုကျ ခဲ့သော တာဘောင်ကို မိုးတွင်းအခါ ရွာခံများအသုံးပြုသွားလာနိုင်ရန် ပြုပြင်ပေးရန် လိုအပ်လျက် ရှိပါသည်။

**၂.၃.၄။ဝေါမြို့နယ်**

ပေါက်တန်းကျေးရွာအုပ်စု၊ တနော်ကျွန်းကျေးရွာအုပ်စုတို့တွင် ကွင်းဆင်း ကောက်ယူ ရာ ပေါက်တန်းကျေးရွာအုပ်စုတွင် ရွာအနီးရှိ စစ်တောင်းမြစ် လက်တက်တွင် မြစ်ကျိုးအင်း များ ဖြစ်ပေါ်ပြီး ရေလမ်းကြောင်းပြောင်းကာ မြစ်ရေတိုက်စားခြင်းကြောင့် ပေါက်တန်းရွာ သည် ၂၀၁၃ ခုနှစ်တွင် စိုက်ပျိုးမြေများ သာမက လူနေအိမ်ခြေများ ပြိုကျခြင်းကိုစတင် ခံစားခဲ့ရပါ သည်။ လူနေအိမ်ခြေ ဆုံးရှုံးသူများမှာ မိမိတို့၏ဆွေမျိုးများထံတွင် သွားရောက် ခိုလှုံနေထိုင် ကြရပါသည်။ ကမ်းပြိုမှုအပြင်ရေကြီးရေလျှံမှုကိုပါခံစားခဲ့ရသော်လည်း ရေကြီးရေလျှံမှုကြောင့် ပျက်စီး ဆုံးရှုံးမှု မရှိခဲ့ပါ။

တနော်ကျွန်းကျေးရွာအုပ်စုတွင် တနော်ကျွန်းကျေးရွာနှင့် မိုးကြိုးကုန်းရပ်ကွက်တို့ ပါဝင်ပြီး မိုးကြိုးကုန်းရပ်ကွက်သည် စစ်တောင်းမြစ်ကမ်းနဖူးတွင် တည်ရှိပြီးရွှေကျင် ချောင်းမှ တောင်ကျရေကြီးကာ ရေတိုက်စားခြင်းကြောင့် ကမ်းပြိုမှုဒဏ်ကို ၂၀၁၁ခုနှစ်တွင် အပြင်း ထန်ဆုံးခံစားခဲ့ရပြီး၊ ၂၀၁၃ခုနှစ်တွင် လူနေအိမ် (၄၈)လုံးပြောင်းရွှေ့ခဲ့ရပါသည်။ ၂၀၁၇ခုနှစ် တွင် ကမ်းပြိုမှုဒဏ်ကို ပြင်းပြင်းထန်ထန် ခံစားခဲ့ရခြင်းမရှိခဲ့ပါ။ ကမ်းပြိုမှုကြောင့် လယ်ယာမြေ ဆုံးရှုံးခဲ့သူများမှာ ကျပန်းလုပ်ငန်း၊ ရေလုပ်ငန်းများကို ပြောင်းလဲလုပ်ကိုင်ခဲ့ကြပါသည်။ ပုံမှန် အားဖြင့် ရေကြီးရေလျှံမှုဒဏ်ကိုရွှေကျင်မဒေါက် ရေကြီးမှုသာခံစားရလေ့ရှိပါသည်။

ပေါက်တန်းကျေးရွာအုပ်စုတွင် စစ်တောင်းမြစ်တစ်လျှောက် သောင်ထွန်းနေသော နေရာ များ ကိုတူးဖော်၍ ရေလမ်းလွှဲပြုလုပ်ပေးရန်၊ တနော်ကျွန်းကျေးရွာအုပ်စုတွင် မြေပြိုမှုကြောင့် ပြောင်းရွှေ့နေထိုင်နေသူများအားမြေနေရာ ပိုင်ဆိုင်မှု သတ်မှတ်ပေးရန် (ဖွံ့ဖြိုးမှုမိတ်ဖက်များမှ ချေးငွေများချေးပေးရန် ကမ်းလှမ်းခဲ့သော်လည်း မြေနေရာပိုင်ဆိုင်မှု အထောက်အထားမပြနိုင်၍ ငွေချေးယူခွင့်မရသည့် ဖြစ်စဉ်များဖြစ်ပေါ်နေပါသည်)၊ အိမ်ခြံမြေနှင့် စိုက်ပျိုးမြေဆုံးရှုံးခဲ့သူများ အတွက် နေရာအတည်တကျ သတ်မှတ်ချထားပေးရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရန် လိုအပ်လျက်ရှိပါသည်။

## ၂.၄။ မကွေးတိုင်းဒေသကြီး

မင်းဘူးမြို့နယ်၊ ပွင့်ဖြူမြို့နယ်နှင့် စလင်းမြို့နယ်များသို့ ကွင်းဆင်းကောက်ယူခဲ့ပါသည်။

### ၂.၄.၁။ မင်းဘူးမြို့နယ်

သနပ်ပင်ကျေးရွာအုပ်စုတွင် သနပ်ပင်စုရွာ၊ ငွေသောင်ရွာ နှင့် ကျောင်းကုန်းရွာဟူ၍ ကျေးရွာ (၃)ရွာ ရှိပြီး မိုးသည်းထန်စွာ ရွာသွန်း ခြင်းကြောင့် ဧရာဝတီမြစ်ရေနှင့် မုန်းချောင်း ရေတို့ ကြီးလာပြီး၊ ရေကြီးရေလျှံမှုကို ဖြစ်ပေါ်ခဲ့ပါသည်။ သနပ်ပင်စုရွာ ကမ်းပြိုမှုကြောင့် ကိုင်းမြေ ဧကပေါင်း (၁၀၀)ခန့် ဆုံးရှုံးခဲ့ရပြီး ဘာသာရေးဆိုင်ရာ အဆောက်အအုံများ ကျေးရွာ ချင်းဆက်လမ်းများ ပျက်စီးမှု ရှိခဲ့ပါသည်။ ရေကြီးချိန်၌ ရွာအနီးအနားရှိ မိမိတို့၏ ဆွေမျိုးများ ထံတွင် သွားရောက် ခိုလှုံ နေထိုင်ကြရပါသည်။

ငွေသောင်ကျေးရွာသည် ရေကြီးမှုဒဏ်ခံစားခဲ့ရသည့် အပြင် လေပြင်း တိုက်ခတ်သည့် ဒဏ်ကို ခံစားခဲ့ရပြီး ရေကြီးရေလျှံမှုကြောင့် အိမ်ခြေအပျက်အစီး မရှိခဲ့သော်လည်း အိမ်ထောင်စု (၁၅၂)စုကို ပြောင်းရွှေ့ပေးခဲ့ရပါသည်။ ရေကြီးချိန်၌ သောက်သုံးရေအခက်အခဲ ရှိခြင်းကြောင့်

သောက်သုံးရေများပံ့ပိုးပေးရန်၊ ရေကြီးလာလျှင် နားခိုနေထိုင်ရန် အဆောက်အဦးမြင့်မြင့် တည်ဆောက်ပေးရန်၊ကျေးရွာချင်းဆက်လမ်း အဆင့်မြှင့်ပြုပြင်ပေးရန် လိုအပ်လျက်ရှိပါသည်။

**၂.၄.၂။ ပွင့်ဖြူမြို့နယ်**

ဆည်မုန်းကျေးရွာနှင့် ခုံစုကျေးရွာတို့တွင်အဓိကဖြစ်ပွားခဲ့ရသည့် အကြောင်းရင်းမှာ မိုးသည်းထန်စွာ ရွာသွန်းခြင်းကြောင့်ဧရာဝတီမြစ်ရေနှင့် မုန်းချောင်းရေတို့ မြင့်တက်လာပြီး၊ ရေကြီး ရေလျှံမှု ကိုဖြစ်ပေါ်ခဲ့ပါသည်။

ဆည်မုန်းရွာနှင့်ခုံစုရွာတို့တွင် ရေကြီးရေလျှံမှုမှာ ရက်(၂၀)ခန့် ကြာမြင့်ခဲ့ပြီး အမြင့်(၉) ပေခန့် မြင့်တက်ခဲ့သည့်အတွက် တစ်ရွာလုံးရေနစ်မြုပ်ပြီး အိမ်ထောင်စု(၈၀)ကို ရွှေ့ပြောင်းပေးခဲ့ ရပါသည်။ ရေကြီးခဲ့ခြင်းကြောင့် မိုးစပါးနှင့် နှမ်း စိုက်ပျိုးမြေများ သာမက အသက်မွေး ဝမ်းကြောင်းဆိုင်ရာပစ္စည်းများဖြစ်သော လယ်ယာသုံးစက်ယန္တယားများ၊ ရေစုပ်စက်များ ပျက်စီး ဆုံးရှုံးမှုရှိခဲ့ပါသည်။

ကမ်းပြိုမှုကိုကာကွယ်ရန်အတွက် ရေကာတာများ၊ မြေကာနံရံများ တည်ဆောက် ပေးရန်၊ ရေထုတ်မြောင်းကို စနစ်တကျ ပြုလုပ်ပေးရန်နှင့် ရေလမ်းကြောင်းများ လွှဲပြောင်း ပေးရန်နှင့် ရေတံခါးများ ပြုလုပ်ပေးရန်၊ ရေကြီးရေလျှံမှု ဖြစ်ပေါ်နေချိန်တွင် သောက်သုံးရေ အလုံအလောက် ပံ့ပိုးပေးရန် လိုအပ်ပါသည်။

**၂.၄.၃။စလင်းမြို့နယ်**

စွန်းကျွန်းညိုကျေးရွာအုပ်စု၊ ရေပေါ်ကျွန်းကြီးကျေးရွာအုပ်စုရှိ ဘိုကုန်းကျေးရွာ၊ ရေပေါ် ကျွန်းကြီးကျေးရွာတို့တွင် ကွင်းဆင်းကောက်ယူခဲ့ပါသည်။ မိုးသည်းထန်စွာ ရွာသွန်းခြင်း ကြောင့်ဧရာဝတီမြစ်ရေနှင့် မုန်းချောင်းရေတို့ ကြီးလာပြီး စွန်းကျွန်းညိုကျေးရွာအုပ်စု ရေကြီး ရေလျှံမှု ကို ဖြစ်ပေါ်စေခဲ့ပါသည်။

ဧရာဝတီမြစ်နှင့် ဆူးလေကုန်းချောင်း ရေကြီးမှုကြောင့် ရေပေါ်ကျွန်းကျေးရွာအုပ်စုတွင် ရေကြီးရေလျှံမှု ဖြစ်ပေါ်ခဲ့ရပါသည်။ ရေကြီးရေလျှံမှုအပြင် ကမ်းပြိုမှုကြောင့် ရေပေါ်ကျွန်းလေး ကျေးရွာတစ်ရွာလုံး ရွှေ့ပြောင်းနေထိုင်ခဲ့ရသည်။ ရေပေါ်ကျွန်းကျေးရွာတွင် ရေကြီးမှုမှာ ဖြစ်ရိုး ဖြစ်စဉ် တစ်ရပ်သာဖြစ်ပြီး၊ ရွှေ့ပြောင်းရန်အတွက် ကြိုတင်ပြင်ဆင်ချိန်ရှိသဖြင့် ပျက်စီးဆုံးရှုံးမှု အနည်းငယ်သာဖြစ်ပေါ်ခဲ့ပါသည်။ သို့သော် ဆိပ်ဖြူနှင့် စလင်းအကြားရေကျော်လုပ်ခြင်းကြောင့် ဆူးလေကုန်းချောင်းမှတဆင့် ရေပြွန်အတွင်း ရေများဝင်ရောက်လာပြီး ကျေးရွာလမ်းများ ရေတိုက်စားခံရပြီး ရွာလမ်းများ နိမ့်ကျ ပျက်စီးခဲ့သည်။

ဆူးလေချောင်းအန္တရာယ်ကြောင့် စာသင်ကျောင်းများ၊ ဘုန်းကြီးကျောင်း၊ ဘုရား၊ ဆေးခန်းနှင့် လူသွားလမ်းများ အန္တရာယ်ဖြစ်စေနိုင်သောကြောင့် ဆိပ်ဖြူနှင့် စလင်းအကြား ရေကျော်လုပ်ခြင်းကြောင့် ချောင်းမမှတဆင့် ရေပြွန် အတွင်း ရေများဝင်ရောက်လာခြင်းကို ရေလမ်းကြောင်းလွှဲပေးရန်၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရန်အတွက် ကျေးရွာ ချင်းဆက်လမ်းကို အဆင့်မြှင့်ပေးရန်၊ သဘာဝဘေးအန္တရာယ်နှင့် ပတ်သက်သော အသိပညာများ ပေးရန်လိုအပ်လျက် ရှိပါသည်။

## ၂.၅။ စစ်ကိုင်းတိုင်းဒေသကြီး

စစ်ကိုင်းတိုင်းဒေသကြီးတွင် မော်လိုက်မြို့နယ်၊ ကလေးဝမြို့နယ်၊ဟုမ္မလင်းမြို့နယ်၊ မြောင်မြို့နယ်၊ မြင်းမူမြို့နယ်နှင့် မုံရွာမြို့နယ် များသို့ ကွင်းဆင်းကောက် ယူခဲ့ပါသည်။

### ၂.၅.၁။ မော်လိုက်မြို့နယ်

မြို့မ(၁)ရပ်ကွက်အုပ်စု၊ တိန်းသာ၊ တပ်ကုန်း၊ ကြာအင်း၊ လောင်းကောင်း ကျေးရွာ များသို့ ကွင်းဆင်းခဲ့ပါသည်။

ချင်းတွင်းမြစ်ရေတိုက်စားခြင်း၊မိုးများခြင်း၊ မြေအောက်ရေတိုက်စားခြင်း၊ ချောင်းရေကြီးခြင်း နှင့် ရေစီးဆင်းမှု လမ်းကြောင်း ပြောင်းလဲခြင်း၊ ရေကာတာရိုးကျိုးခြင်းတို့ကြောင့် ရေကြီးခြင်း၊ ကမ်းပါးပြိုခြင်းတို့ကို ဖြစ်ပေါ်စေခဲ့သည်။ တွေ့ရှိချက်အနေဖြင့်−

(က) စွယ်တော်ရပ်ကွက်ရှေ့တွင်မြစ်ကမ်းပါးပြိုခြင်း၊ မော်လိုက်မြို့အနောက်ဖက်ချောင်းမှရေစီးဝင်ခြင်းနှင့် မြေအောက်ရေတိုက်စားမှုများ စုပေါင်း၍ နှစ်စဉ် ရေကြီးမှုကို ခံစားရပြီး အိမ်ယာများ နှစ်စဉ်ပြောင်းရွှေ့ရခြင်း၊

(ခ) မြစ်ကမ်းပါးနံရံ ပြိုကျမှုကြောင့် မြစ်နှင့်အပြိုင် ဖောက်လုပ်ထားသည့် လမ်းမှာ ပျောက်ဆုံးမည့်အနေအထားတွင်ရှိခြင်း၊

(ဂ) ကမ်းပါးပြိုမှုများကို မြေထိန်းနံရံများဖြင့် ကာကွယ်မှုပြုလုပ်သော်လည်း မြေအောက်ရေစိမ့်ဝင်တိုက်စားမှုကြောင့် အပြည့်အဝကာကွယ်မှုအဆင့်ထိ မရောက်ရှိနိုင်ဘဲ ကမ်းပါးပြိုကျမှုများမှာ နှစ်စဉ် ဖြစ်ပေါ်နေခြင်း၊

(ဃ) တိန်းသာကျေးရွာအုပ်စုတွင် မြစ်ကမ်းပါးပြိုခြင်း တိန်းသာကျေးရွာနှင့် အိုးဘိုကျေးရွာအကြားရှိ ချောင်းရေလျှံခြင်းကြောင့် နှစ်စဉ်ရေကြီးမှုကို ခံစားရပြီး လယ်ယာမြေများ ပျက်စီးဆုံးရှုံးခြင်း၊ ရွာလမ်းများပျက်စီးခြင်းများဖြစ်ပေါ်ခဲ့ခြင်း၊

(င) တိန်းသာကျေးရွာမူလတန်းကျောင်းမှာသစ်သားထောက်တိုင်များဖြင့် တွန်းကန်ထားရပြီး မိုးများ၊ လေပြင်းကျခြင်းများ ဖြစ်ပေါ်ပါက ကျောင်းသား/သူများ အန္တရာယ်ကျရောက်နိုင်ခြင်း၊

(စ) အိုးဘိုကျေးရွာ၊ ကျေးလက်ကျန်းမာရေး ဆေးပေးခန်းတွင်လည်း လက်ရှိတွင် ကျန်းမာရေးဝန်ထမ်းမရှိခြင်း၊

(ဆ) တပ်ကုန်းကျေးရွာအုပ်စုတွင် မြစ်ကမ်းပါးပြိုကျ၍ မြေသားလမ်းများ ပျက်စီးခြင်းနှင့် အိမ်ယာများ ပြိုကျခဲ့ခြင်း၊

(ဇ) ကြာအင်းကျေးရွာသည် ကိုးတန်ချောင်းရေကြီး၍ ရေတိုက်စားခြင်းကြောင့် ကမ်းပါးပြိုခြင်းများ ဖြစ်ပေါ်ခဲ့ပြီး စိုက်ပျိုးမြေများဆုံးရှုံးခဲ့ပြီး ချင်းတွင်းမြစ်ကမ်းပါး ပြိုကျမှုကြောင့် နေအိမ်မြေများပါ ဆုံးရှုံးမှု ရှိခဲ့ခြင်း၊

(ဈ) လောင်းကောင်းချောင်း တံတားတည်ဆောက်ထားသော်လည်း ချောင်းရေစီးကြောင်းပြောင်းလဲမှုကြောင့် ယခုအခါ ချောင်းနှင့် တံတား တနေရာစီဖြစ်နေ၍ တံတားမှာ အသုံးဝင်မှု မရှိဖြစ်နေခြင်း၊

(ည) မိုးများခြင်းနှင့် ပုဂ္ဂလိက သစ်လုပ်ကွက်များမှ ယာဉ်ကြီးများသွားလာခြင်းကြောင့် မြေနိမ့်ဝင်မှုကြောင့် ချောင်းရေစီးကြောင်း ပြောင်းခြင်းနှင့်အတူ အိမ်ယာနှင့် စိုက်ပျိုးမြေ များသို့ ရေဝင်မှုဖြစ်ပေါ်ခဲ့ပါသည်။

**လိုအပ်ချက်များအနေဖြင့်–**

(က) မော်လိုက်မြို့၏ မြစ်ကမ်းပါးပြိုကျမှုများမှာမြေအောက်ရေ တိုက်စားမှုသည် အဓိက အကြောင်းရင်းဖြစ်သဖြင့် ဆက်လက်ထိန်းသိမ်း ကာကွယ်နိုင်မည့် နည်းပညာ အကူအညီ ရယူနိုင်ရန်၊

(ခ) ကမ်းနားလမ်းတစ်လျှောက် မြေထိန်းနံရံ တည်ဆောက်မှုကို ပြိုကျရန် အလားအလာရှိသည့် နေရာထိ တည်ဆောက်ပေးရန်၊

(ဂ) အိုးဘိုရွာနှင့်တိန်းသာရွာကြားရှိချောင်းအား ရေလွှဲ၊ရေကာတာ ပြုလုပ်ပေးရန်၊

(ဃ) တပ်ကုန်းကျေးရွာအုပ်စု၏ကမ်းပြိုအိမ်များအတွက် မြေနေရာစိစစ်ချထားပေးရန်၊

(င) ကိုးတန်ချောင်းအား ရေလွှဲ၊ ရေကာတာများပြုလုပ်ပေးရန်၊

(စ) လောင်းကောင်းချောင်းတံတားနှင့် ချောင်းရေစီးကြောင်း မူလအခြေအနေအတိုင်း ဖြစ်စေရေး ဆောင်ရွက်ပေးရန်၊

(ဆ) လောင်ကောင်းချောင်းတိမ်ကောမှု၊ ရေလှုံ့မှုများကိုကာကွယ်ပေးရန် ချောင်း တစ်လျှောက် သဲရှင်းလင်းရန်

(ဇ) ပုဂ္ဂလိကသစ်လုပ်ကွက်များမှယာဉ်ကြီးများသွားလာခြင်းကိုစိစစ်ရန်

တို့ဖြစ်ပါသည်။

## ၂.၅.၂။ ကလေးမြို့နယ်

ကလေးမြို့နယ်တွင် ကျော်ဇင်ကျေးရွာသို့ ကွင်းဆင်းကောက်ယူရာ ကျော်ဇင်ကျေးရွာသည် ချင်းတွင်းမြစ်နှင့်မြစ်သာမြစ်ကြားတွင် တည်ရှိသောကြောင့် နှစ်စဉ်မိုးကာလ ရေကြီးချိန်တွင် တစ်ရွာလုံးရေလွှမ်းမိုးမှုဒဏ် ခံရသည့်ကျေးရွာ ဖြစ်ပါသည်။

၂၀၁၅ ခုနှစ် ရေကြီး၍ တိုက်စားမှုကြောင့် ကမ်းပါးပြိုကျမှု ရှိခဲ့ပြီး အိမ် ၈အိမ် ရွှေ့ပြောင်းခဲ့ရသော်လည်း ၂၀၁၆ ခုနှစ်ရေကြီးမှုကြောင့် နွံတင်မြေနုများ ပြန်လည် ဖုံးလွှမ်းခဲ့သည့်အတွက် ၂၀၁၅ ခုနှစ် မတိုင်မီ အခြေအနေထက်ပင် ပိုမို ကောင်းမွန်လျက် ရှိပါကြောင်း တွေ့ရှိရပါသည်။

၂၀၁၅ ခုနှစ်တွင် ဆိုးဝါးသည့်ရေကြီးမှု အခြေအနေမျိုး နောက်ထပ် မဖြစ်ပေါ်စေရန် တိုင်းဒေသကြီး နယ်လုံဝန်ကြီးမှ ကွင်းဆင်းစစ်ဆေးမှု ပြုလုပ်ခဲ့ခြင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီးမှ ကွင်းဆင်းစစ်ဆေးခဲ့ခြင်း၊ ပညာရှင်အဖွဲ့များ ကွင်းဆင်း စစ်ဆေးပြီးဆောင်ရွက်ရန်ရှိသည်များဆောင်ရွက်ပေးခဲ့ခြင်း၊နွံတင်ရေကာတာများ တည်ဆောက်ပေးခြင်းနှင့် ၂၀၁၅ ခုနှစ် ရေကြီးမှု၏ အကျိုးသက်ရောက်မှု အပေါ်အခြေခံ၍ မြစ်သာမြစ်ကြောင်း ချဲ့ထွင်ခြင်များ ပြုလုပ်ခဲ့ပါသည်။

## ၂.၅.၃။ ဟုမ္မလင်းမြို့နယ်

ဟုမ္မလင်းမြို့နယ်တွင် နောင်ပကျစ်ရပ်ကွက်နှင့် ခိုပဲဝရပ်ကွက်တို့တွင် ကွင်းဆင်း ခဲ့ရာ မိုးများခြင်း၊ ဥရုချောင်းတစ်လျှောက် မြေလွှတ်၊ မြေရိုင်းများတွင် ရွှေတူးဖော်ခြင်း ကြောင့် သစ်တောပြုန်းတီးခြင်းနှင့်အတူ မြေစာများ၊ ရွှံ့နွံများ မြစ်ချောင်းအတွင်း စီးဝင်ပို့ချမှုကြောင့် မြစ်ချောင်းများ တိမ်ကော ယိုယွင်းလာခြင်း၊ ချင်းတွင်းမြစ်ကြောင်း တိမ်ကောလာခြင်းကြောင့် ရေလမ်းကြောင်း ပြောင်းလဲမှု ဖြစ်ခြင်းကြောင့် ရေကြီး မြေပြိုမှုများ ဖြစ်ပေါ်ခဲ့ရသည်။

မှန်ပင်-ကျွန်းရွာ-ဟုမ္မလင်း ကမ်းနားတာပတ်ခြင်း၊ ဟုမ္မလင်းနှင့် နောင်ပကျစ်ကြားရှိ ချောင်းရေတံခါးတည်ဆောက်ခြင်းနှင့် ညောင်ပင်သာချောင်း ရေစီးရေလာ ကောင်းမွန်စေရေး ဆောင်ရွက်ခြင်းနှင့်ရွှေတူးဖော်မှုကိုစိစစ်ဆောင်ရွက်စေခြင်းဖြင့် ဟုမ္မလင်းမြို့ရေကြီးမှုကိုတားဆီး နိုင်မည် ဖြစ်ပါသည်။

## ၂.၅.၄။ မြောင်မြို့နယ်

မြောင်မြို့နယ်တွင်မရိုးကုန်းကျေးရွာအုပ်စု နှင့်ရွှေပေါက်ပင်ကျေးရွာအုပ်စုများသို့ ကွင်းဆင်းကောက်ယူခဲ့ပါသည်။

ဧရာဝတီမြစ်ရေလျှံခြင်း၊မြစ်ကြောင်းတိမ်ကောလာခြင်း မြစ်ရေကြီးဖြစ်ပေါ်ခဲ့ပါသည်။ ဒေသခံများအနေဖြင့် ရေကြီးရေလျှံခြင်းကို နှစ်စဉ်ခံစားနေရသောကြောင့် ဖြစ်ရိုးဖြစ်စဉ်တစ်ခုသာ ဖြစ်သော်လည်း၊ ၂၀၁၅-၂၀၁၆ခုနှစ်မှစ၍ အခြေအနေပိုမိုဆိုးရွားလာပါသည်။ စိုက်ပျိုးသီးနှံ အနေဖြင့်မြေနုကျွန်းများပေါ်တွင်စိုက်ပျိုးရသောကြောင့် ရေပြန်လည်ကျဆင်းသည့်အချိန်မှ စိုက်ပျိုးရသည့်အတွက် ပျက်စီးမှုမရှိပါ။ ရေကြီးချိန်တွင် သောက်ရေတွင်း(၁)တွင်းသာရှိသဖြင့် သောက်ရေ အခက်အခဲရှိပါသည်။ အဓိကစီးပွားရေးလုပ်ငန်းမှာ ပဲမျိုးစုံစိုက်ပျိုးရေးလုပ်ငန်း ဖြစ်ပြီးအခြားလုပ်ငန်းမှာ အင်းပိုင်ရှိသဖြင့်ငါးလုပ်ငန်းရှိပါသည်။ ရွာသူရွာသားများအနေဖြင့် အင်းပိုင်ထံတွင်အခွန်ဆောင်၍ငါးဖမ်းလုပ်ငန်းများလုပ်ကိုင်ကြပါသည်။

**လိုအပ်ချက်များ**

(က) မြစ်ကြမ်းပြင် တိမ်ကောလာမှုများအတွက် မြစ်ကြောင်းထိန်းသိမ်းရန်

(ခ) ကမ်း ပါးပြိုလေ့ရှိသည့်အတွက်မြေထိန်းနရံတည်ဆောက်ပေးရန်

(ဂ) ရေကာနံရံ မြောက်မှတောင်သို့ ပေ၂၀၀၀ကျော်ခန့်တည်ဆောက်ပေးရန်

(ဃ) ရေစီးရေလာကောင်းမွန်စေရေးဆောင်ရွက်ရန်

## ၂.၅.၅။ မြင်းမူမြို့နယ်

မြင်းမူမြို့နယ်တွင်ဝမ်းပြည့်ကျေးရွာအုပ်စု၊ ကျွဲရိုက်ကျေးရွာအုပ်စုများ သို့ ကွင်းဆင်း ကောက်ယူခဲ့ပါသည်။

ရေကြီးရခြင်း၏ အဓိကအကြောင်းအရင်းမှာ ဧရာဝတီမြစ်ရေလျှံခြင်း၊ မြစ်ကြောင်း တိမ်ကောလာ၍ ရေမျက်နှာပြင်မြင့်တက်လာခြင်း နှင့်မြန်မာနိုင်ငံအထက်ပိုင်းတွင် မိုးရွာသွန်း မှုများသောကြောင့် အထက်မှစီးဆင်းလာသော မိုးရေများသည် ဧရာဂတီမြစ်အတွင်းသို့ စီးဝင်ပြီး ရေကြီးရေလျှံမှုကိုဖြစ်ပေါ်စေပါသည်။

မြစ်ပေါက်ကျေးရွာသည် ဧရာဝတီမြစ်ကမ်းဘေးတွင် တည်ရှိပြီး နှစ်စဉ်ရေဝင်ရောက် လျှက်ရှိပါသည်။ နှစ်စဉ်ဇူလိုင်လလယ်မှ ဩဂုတ်လအထိ မြစ်ရေကြီးမှုဖြစ်ပွားလျှက် ရှိပါသည်။ ၂၀၁၅ ခုနှစ်နှင့် ၂၀၁၆ခုနှစ် များတွင် မြစ်ရေကြီးခြင်းသည် ယခင်နှစ်များထက်ပိုမိုဆိုးရွား လာပါသည်။အဓိကစီးပွားရေးလုပ်ငန်းမှာစိုက်ပျိုးရေးလုပ်ငန်းဖြစ်ပါသည်။

**လိုအပ်ချက်များ**

(က) မြစ်ကြမ်းပြင်တိမ်ကောလာမှုများအတွက် မြစ်ကြောင်းထိန်းသိမ်းရန်

(ခ) လမ်းမပေ (၁၃၀)ကျော်သည် နှစ်စဉ် ရေတိုက်စား၍ ပျက်စီးရခြင်းမှ ကာကွယ်ရန် ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်ပေးရန်

(ဂ) ကျေးရွာများ၏ အဓိကအားကိုးရာဖြစ်သော တာပေါင်လမ်းအား ယခုထက်ပိုမို ခိုင်ခန့်စေရန်အတွက် ဆောင်ရွက်ပေးရန်

(ဃ) ကမ်းပြိုသည့်နေရာမှ ရေကာတာပြန်လည်ပြုပြင်ပေးရန်၊ ရွာဘုရားမှ ရွာထိပ်အထိ မြေသားနံရံ(၂၇၅)ပေတည်ဆောက်ပြီးဖြစ်၍ ကျန်ပေ(၇၀၀)ကျော်ခန့် ဆက်လက် ဆောင်ရွက်ပေးရန်

## ၂.၅.၆။ မုံရွာမြို့နယ်

မုံရွာမြို့နယ်တွင် ဘုဘကျေးရွာအုပ်စု၊ ကိုးရှင်းကျွန်းကျေးရွာအုပ်စု၊ဆူးလေကုန်းကျေးရွာ အုပ်စုများသို့ ကွင်းဆင်းကောက်ယူခဲ့ပါသည်။

ချင်းတွင်းမြစ်ကမ်းဘေးတစ်လျှောက် မြစ်ရေတိုက်စားလာပြီး ကမ်းပါးပြိုကျခြင်း၊ မြစ်ရေ ကြီးခြင်းတို့ ဖြစ်ပေါ်ခဲ့ပါသည်။ အဓိကစီးပွားရေးလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင် ကြပါသည်။ နှစ်စဉ်မြစ်ရေကြီးမှုသည် ဇူလိုင်၊ ဩဂုတ်လများတွင် စတင်ဖြစ်ပွားပြီး၊ မြေအနေ အထားသည် ရေစုပ်ယူမှုအားနည်းခြင်းကြောင့်လည်းကောင်း၊ မိုးတွင်းကာလဖြစ်ခြင်းကြောင့် လည်းကောင်းဝင်လာသည့်မြစ်ရေများသည် ပြန်မဆင်းနိုင်သောကြောင့် အောက်တိုဘာလအထိ ရေကြီးသည့်ဘေးကိုခံစားရပါသည်။

ရေကြီးချိန်တွင် ကလေးသူငယ်များ သွေးလွန်တုတ်ကွေးရောဂါများကို အများဆုံးခံစား ကြရပြီး သက်ကြီးရွယ်အိုများနာမကျန်းမှုများရှိခြင်း၊ ဝက်များသေဆုံးခြင်းများရှိပါသည်။ မြစ်ရေ တက်မှုသည် အိမ်ခြေမှ၆ ပေခန့်တက်သည့်အတွက် ရေကြီးသည့်အချိန်များတွင် စင်များထိုး နေခြင်း၊ တာဘောင်အရှေ့ဘက်သို့ ရွှေ့ပြောင်းပြီး တည်းခိုစရာအဆောက်အဦမရှိသည့် အတွက် တဲများထိုး၍နေခြင်းများရှိပါသည်။

ရေကြီးချိန်တွင် အဝီစိတွင်းများနစ်မြုပ်နေသောကြောင့် သောက်သုံးရေရရှိရန် အလွန် ခက်ခဲပါသည်။ ရေကြီးချိန်တွင် သွားလာနိုင်ရန် လှေများကို အသုံးပြုကြပြီး ကလေးများ ကျောင်းသွားရန်အခက်အခဲရှိပါသည်။

**လိုအပ်ချက်များ**

(က) ချင်းတွင်းမြစ်ရေတိုက်စားမှုကြောင့်မြစ်ကမ်းပါးပြိုကျမှုကိုထိန်းသိမ်းပေးရန်။

(ခ) ဘုဘကျေးရွာတွင် ရေစီးရေလာကောင်းမွန်ရေးဆောင်ရွက်ပေးရန်။

(ဂ) သောက်သုံးရေအခက်အခဲများကို ဖြည့်ဆည်းပေးနိုင်ရန်။

(ဃ) ဘုဘကျေးရွာ၊ ကိုးရှင်းကျွန်းကျေးရွာ နှင့် ဆူးလေးကုန်းကျေးရွာများတွင် သွားရေး လာရေး အခက်အခဲများကိုဖြည့်ဆည်းပေးနိုင်ရန်။

(င) ရွှေပြည်အေးရပ်ကွက်နှင့် ဘုဘကျေးရွာတို့တွင် မြစ်ရေကြီးချိန် နေထိုင်နိုင်ရန်အတွက် အထပ်မြင့်အဆောက်အဦးများ ဆောက်လုပ်ပေးရန်။

(စ) ကိုးရှင်းကျွန်းကျေးရွာတွင် ချောင်းကူး တံတား(ဆိုင်ကယ်တစ်စီးသာသွားလာနိုင်)ကိုအခြား ယာဉ်များပါ သွားလာနိုင်သည့် လမ်းကျယ်တံတားကို ဆူးလေကုန်းကျေးရွာနှင့် ပေါင်း၍တည်ဆောက်ပေးရန်။

## ၂.၆။ မန္တလေးတိုင်းဒေသကြီး

သဘာဝဘေးကြိုတင်ကာကွယ်နိုင်ရန်အတွက် မန္တလေးတိုင်းဒေသကြီးတွင် အမရပူရမြို့နယ်၊ သာစည်မြို့နယ်၊ ပျော်ဘွယ်မြို့နယ်၊ ရမည်းသင်းမြို့နယ်များသို့ ကွင်းဆင်း၍ ကောက်ယူခဲ့ပါသည်။

### ၂.၆.၁။အမရပူရမြို့နယ်

နတ်ရေကန်ကျေးရွာအုပ်စုနှင့် တောင်သမန်အင်းကျေးရွာအုပ်စုရှိ ညောင်နီပင်ကျေးရွာ၊ ညောင်ပင်စောက်ကျေးရွာ၊ မုတ်ပုလဲကျေးရွာ၊ မှန်တန်းရပ်ကွက်များသို့ ကွင်းဆင်း ကောက်ယူခဲ့ပါသည်။

ညောင်နီပင်ကျေးရွာ ရေကြီးရခြင်း၏အဓိကအကြောင်းအရင်းမှာ မိုးရေကြီးခြင်းကြောင့် ဧရာဝတီမြစ်မရေထောက်ခြင်းနှင့် ဒုဋ္ဌဝတီမြစ်ရေကျခြင်းတို့ကြောင့် ရေကြီးရေလျှံမှု ဖြစ်ခဲ့ရပါသည်။ ရေကြီးမှု ဖြစ်ပွားချိန်တွင် သောက်သုံးရေရရှိမှု အခက်အခဲမှာ အဆိုးဆုံး ဖြစ်ပါသည်။

မုတ်ပုလဲကျေးရွာအုပ်စုတွင် ရေကြီးရေလျှံမှု ဖြစ်ပွားခဲ့ရသည့် အဓိကအကြောင်းရင်းမှာ ဧရာဝတီမြစ်ရေနှင့် ဆည်တော်ကြီးမှရေဖွင့်ချမှုကြောင့် ရွာနားရှိ ဆည်တော်ကြီးမြောင်းမှ ရေလျှံလာခြင်းဖြစ်ပါသည်။ ထို့ပြင်ရွာအနေအထားသည် အနိမ့်ပိုင်းကျနေသဖြင့် ရေပြန်ထွက်မှုနည်းသည့်အတွက် ရေနှစ်မြုပ်ချိန်မှာ ၁၅ရက်ခန့် ကြာမြင့်ပါသည်။

တောင်သမန်ကျေးရွာအုပ်စုနှင့် မှန်တန်းရပ်ကွက်တို့တွင် ဖြစ်ပွားခဲ့သည့် ရေကြီးမှုသည် သာမန်ဖြစ်ရိုးဖြစ်စဉ်ကိစ္စရပ်သာဖြစ်ပြီး ဒေသခံများအနေဖြင့်လည်း သဘာဝဘေး အန္တရာယ်ဟု ယူဆထားခြင်းမရှိပါ။ ၄ နှစ် ၁ ကြိမ် (သို့မဟုတ်) ၃ နှစ် ၁ ကြိမ် ရေကြီးမှုမှာ ဖြစ်ပွားလေ့ရှိပြီး ၂၀၁၆ ခုနှစ်တွင် ဖြစ်ပွားခဲ့သည့် ရေကြီးရေလျှံမှုသည် ယခင်နှစ်များထက် အနည်းငယ် ပိုခဲ့ခြင်းသာ ဖြစ်ပါသည်။

နတ်ရေကန်ကျေးရွာအုပ်စုရှိ ညောင်နီပင်ကျေးရွာ၊ ညောင်ပင်စောက်ကျေးရွာနှင့် မုတ်ပုလဲကျေးရွာများအတွက် မင်းရွာမှရေလွှဲမြောင်းကို အမြိုက်ရှင်းပြီး ရေစီးရေလာ ကောင်းမွန်လာစေရန် ပြုပြင်ဆောင်ရွက်ပေးရန်လိုအပ်ပါသည်။

## ၂.၆.၂။ ပျော်ဘွယ်မြို့နယ်

ကျောက်ဆည်ကျေးရွာအုပ်စုနှင့် ဇကရာဇ်ကုန်းကျေးရွာအုပ်စုတို့တွင် ကွင်းဆင်းခဲ့ပါသည်။

ကျောက်ဆည်ကျေးရွာအုပ်စုတွင် ရေကြီးရခြင်း၏ အဓိကအကြောင်းအရင်းမှာ ၂၀၁၆ ခုနှစ်၊ ဇူလိုင်လကုန်နှင့် ဩဂုတ်လဆန်းတွင် မိုးရေကြီးခြင်းကြောင့် ကျောက်ဆည်ကန် အတွင်း ရေပြည့်ရေလျှံခြင်း၊စမုန်းချောင်းတိမ်ကောခြင်းနှင့်ကြေးနီကန်ရေလျှံခြင်းတို့ကြောင့် ဖြစ်ပါသည်။

ဇကရာဇ်ကုန်းကျေးရွာအုပ်စုတွင် ရေကြီးရခြင်း၏ အဓိကအကြောင်းအရင်းမှာ အင်းရွာအရှေ့ဘက် ညောင်ရမ်းကန်၊ မင်းလှကန်ထဲသို့ဝင်သည့် ချောင်းကောက်ချောင်းတိမ်ကောပြီး ရေလျှံခြင်းတို့ ကြောင့်ဖြစ်ပါသည်။ ထို့ပြင် ချောင်းကောက်ချောင်း၊ သရဲချောင်းနှင့် မျဉ်းကျချောင်းတို့ဆုံသည့်အချိန်နှင့် မိုးရေကြီးခြင်းတို့ကြောင့် ရေပြည့်ရေလျှံခြင်းဖြစ်ပွားခဲ့ပါသည်။ ရေကြီးရေလျှံခြင်းကြောင့်တိမ်းတည်ကျေးရွာ၏ သောက်သုံးရေနှင့် စိုက်ပျိုးရေအတွက် အားထားရသည့် တိမ်းတည်ရေကန်ပေါက်ခြင်း၊ အက်ခြင်းဖြစ်ပေါ်ခဲ့သည့်အတွက် သဲအိတ်များဖြင့် ကာရံထားရပါသည်။

ယခင်အစိုးရ လက်ထက်က ပျော်ဘွယ်၊ မိတ္ထီလာ၊ သာစည်မြို့နယ်များကို ဖြတ်သန်းသွားသည့် ချောင်းမကြီးချောင်းကို ရေစီးရေလာကောင်းမွန်စေရေး တူးဖော်ရန် ဘတ်ဂျက်ချထားခဲ့သော်လည်း ဇကရာဇ်ကုန်းကျေးရွာအုပ်စုနှင့် အင်းရွာကျေးရွာအုပ်စုတို့၏ မြောင်းစီမံချက် နေရာ ရွေးချယ်မှုတွင်အငြင်းပွားမှုဖြစ်ပေါ်ခဲ့သည့်အတွက်စီမံကိန်းပျက်စီးခဲ့ရပါသည်။

**လိုအပ်ချက်များအနေဖြင့်–**

(က) ဇကရာဇ်ကုန်းကျေးရွာအုပ်စုတွင် ချောင်းကောက်ချောင်း ပြန်ဖော်ပေးရန်၊

(ခ) တိမ်းတည်ချောင်း၊မျဉ်းကြားချောင်းနှင့်ရွာသစ်ဘေးချောင်းတို့တိမ်ကော မှုအားပြန်ဖော်ပေးရန်၊

(ဂ) ကျောက်ဆည်ကျေးရွာအုပ်စုတွင် ချောင်းမြောင်းအတွင်းရှိ ပေါက်ရောက် နေသော ကန္တာရပင်များအား ရှင်းလင်းပေးရန်၊

(ဃ) FAO မှ ပြုပြင်ပေးခဲ့သည့်သောက်သုံးရေနှင့်စိုက်ဧကော၂၇၈ ဧက ကို အကျိုးပြု သော တိမ်းတည်ကန်ကို ပြန်လည်ပြုပြင်ပေးရန်၊

(င) ပျော်ဘွယ်၊မိတ္ထီလာ၊သာစည်မြို့နယ်များကို ဖြတ်သန်းသွားသည့် ချောင်းမကြီး ချောင်းကို ရေစီးရေလာကောင်းမွန်စေရန် ပြန်လည်တူးဖော်ရန် လိုအပ်လျက် ရှိပါသည်။

(**မှတ်ချက်** - ယခင်အစိုးရလက်ထက်ကပျော်ဘွယ်၊မိတ္ထီလာ၊သာစည်မြို့နယ်များကိုဖြတ်သန်း သွားသည့်ချောင်းမကြီးချောင်းကိုရေစီးရေလာကောင်းမွန်စေရေးအတွက် တူးဖော်ရန် ဘတ်ဂျက် ချထားခဲ့သော်လည်း မြောင်းစီမံချက်နေရာရွေးချယ်မှုတွင် ဧကရာဇ်ကုန်းကျေးရွာအုပ်စုနှင့် အင်းရွာကျေးရွာအုပ်စုတို့အကြား အငြင်းပွားမှုဖြစ်ပေါ်ခဲ့သည့်အတွက် ပျက်စီးခဲ့ရသော စီမံကိန်း ကို ပြန်လည် အကောင်အထည် ဖော်ပေးရန်။)

**၂.၆.၃။ သာစည်မြို့နယ်**

ကန်ရှည်ကျေးရွာအုပ်စု၊ အင်းရွာကျေးရွာအုပ်စု၊ လူးကုန်းကျေးရွာအုပ်စုနှင့် ဆင်ဝင် ကျေးရွာအုပ်စုတို့တွင် ကွင်းဆင်းကောက်ယူခဲ့ရာ မြစ်၊ချောင်းများ တိမ်ကောခြင်းနှင့် ရေဝင် ်မြောင်းများတွင် သစ်ပင်များ၊ အမှိုက်နှင့်ဒိုက်ပုံများကြောင့် ရေစီးရေလာ အားနည်းမှုကြောင့် ရေလျှံမှု ဖြစ်ရပါသည်။

မိုးရေကြီးခြင်းကြောင့် သာစည်မြို့နယ်ရှိမင်းလုကန်မှရေလွှတ်ခြင်း၊ ပျော်ဘွယ်မြို့မှ စီးဆင်းသည့် ချောင်းမကြီးချောင်း တိမ်ကောပြီး ရေလျှံခြင်း၊ မောင်းမဆည်ကျေးရွာရှိ စမုန် ဆည်အတွင်း စီးဝင်သည့် ခွေးသေချောင်းနှင့်စမုန်ချောင်းရေများလျှံကျခြင်း တို့ကြောင့် ဖြစ်ပါသည်။

အင်းရွာကျေးရွာအုပ်စုတွင် အဓိကဖြစ်ပွားရသည့်အကြောင်းအရင်းမှာ ပျော်ဘွယ် မြို့နယ် နှင့် မိတ္ထီလာမြို့နယ်အစပ်ရှိ သဲချောင်းတိမ်ကောခြင်းကြောင့် မိတ္ထီလာမြို့နယ်ရှိ ချောင်းကောက် ဆည် မှ လွှတ်လိုက်သည့်ရေများ ရေစီးကြောင်းပြောင်းကာ လျှံကျလာသည့် အတွက် အင်းရွာ ကျေးရွာတွင် ရေကြီးရေလျှံခဲ့ခြင်းဖြစ်ပါသည်။ ရေကြီးရေလျှံမှုဒဏ်အား အိမ်ထောင်စုအားလုံး ခံစားခဲ့ကြရပါသည်။ ရေတိုက်စားသဖြင့် မြေပြို၍ မြေများချိုင့် ဝင်သွားသဖြင့် မူလတန်းကျောင်း

၏ ခြံစည်းရိုးပျက်စီးခဲ့ပါသည်။ ဇူလိုင်လမှ နိုဝင်ဘာလအထိ ၄ လတာ ရေဝင်ရောက်မှုကို ခံစားခဲ့ရပြီး အချို့နေရာများတွင် ဒီဇင်ဘာလအထိ ရေများ ဝပ်နေဆဲ ဖြစ်ပါသည်။

**လိုအပ်ချက်များအနေဖြင့်–**

(က) ကန်ရှည်ကျေးရွာအုပ်စုတွင် ချောင်းမြောင်းအတွင်းရှိ ပေါက်ရောက်နေသော ကန္တာရပင်များ၊ သစ်ပင်ဆူးပင်များ၊ အမှိုက်များစုနေခြင်းအား ရှင်းလင်းပေးရန်အတွက် ဆည်မြောင်း၏ မြောင်းဇရိယာအတိုင်း ပုံစံတကျရှင်းပေးရန်နှင့် မြောင်းဦး တိုက် ပုံစံတကျ ပြုပြင်ရန်၊

(ခ) အင်းရွာကျေးရွာအုပ်စုတွင် သဲချောင်းကို ချောင်းလမ်းကြောင်းအတိုင်း ပြန်လည်တူးဖော်ပေးရန်၊

(ဂ) လူးကုန်ကျေးရွာအုပ်စုတွင် ရေဝင်မြောင်းများ ပြန်လည်ပြုပြင်တူးဖော်ပေးရန်၊

(ဃ) ဆင်ဝင်ကျေးရွာအုပ်စုတွင် ချောင်းကောက်ချောင်းတိမ်ကောမှုကိုပြန်လည်ပြုပြင်ပြီး ရေစီးရေလာကောင်းသော မြောင်းဖြစ်စေရန်၊

(င) ယခင်အစိုးရလက်ထက်က ပျော်ဘွယ်၊ မိတ္ထီလာ၊ သာစည်မြို့နယ်များ ကို ဖြတ်သန်းသွားသည့် ချောင်းမကြီးချောင်းကို ရေစီးရေလာကောင်းမွန်စေရေး တူးဖော်ရန် ဘတ်ဂျက်ချထားခဲ့သော်လည်း ဇကရာဇ်ကုန်းကျေးရွာအုပ်စုနှင့် အင်းရွာကျေးရွာအုပ်စုတို့၏ မြောင်းစီမံချက်နေရာရွေးချယ်မှုတွင် အငြင်းပွားမှု ဖြစ်ပေါ်ခဲ့သည့်အတွက် ပျက်စီးခဲ့သောစီမံကိန်းကို ပြန်လည်အကောင်အထည် ဖော်ပေးရန်တို့လိုအပ်ပါသည်။

## ၂.၆.၄။ ရမည်းသင်းမြို့နယ်

စတ္တိုးကြီးကျေးရွာအုပ်စု၊ ကျော့ကဆည် ကျေးရွာအုပ်စုရှိ ညောင်ပင်ကိုင်းကျေးရွာ၊ စတ္တိုးပေါက်ကျေး ရွာ၊အောင်ချမ်းသာကျေးရွာတို့တွင် ကွင်းဆင်းကောက်ယူခဲ့ပါသည်။

ညောင်ပင်ကိုင်းရွာရှိ ရေဦးမြောင်းမတော် ဘောင်ကျဉ်းမြောင်းခြင်း၊ တာဘောင်နိမ့်၍ လမ်းဖောက်ခြင်း၊ ရေဦးမြောင်းမတော်ဘောင်ကိုဖြတ်၍ တည်ဆောက်ထားသော သုညတံတားသည် မြောင်းတဝက်ခန့်သာရှိခြင်း၊ ကြေးနီကန်ဖြတ် တာဘောင်ဆောက်လုပ်ခြင်း တို့ကြောင့် ကျေးရွာအတွင်းရေဝင်ခြင်းနှင့်ရေဝပ်ခြင်းကိုဖြစ်ပေါ်စေပါသည်။

စတ္တိုးကြီးကျေးရွာအုပ်စုတွင် ရေကြီးရခြင်းမှာ ရွာ၏တည်ဆောက်ထားမှုသည် ဆင်သေချောင်းနှင့် ခွေးသေချောင်းကြားတွင် တည်ရှိသောကြောင့် ဆင်သေချောင်း အထက်ပိုင်းရှိ ကျေးရွာများတွင် လယ်ယာစိုက်ပျိုးရန်အတွက် တည်ဆောက်ထားသော လက်လုပ်ဆည်များ

ကြောင့် မိုးများအဆက်မပြတ် ရွာသွန်းသည့်အခါ လက်လုပ်ဆည်များ ကျိုးပေါက်၍ ရေကြီး ရေလျှံမှုကိုဖြစ်ပေါ်စေခြင်း ဖြစ်ပါသည်။

ညောင်ပင်ကိုင်းရွာ၏ ရေဦးမြောင်းမတော်ဘောင်ချဲ့လိုက်သည့်အတွက် မူလရှိ သုည တံတားကို ဘောင်နှင့်အညီအရှည်တည်ဆောက်ရမည်ဖြစ်သော်လည်း မူလအတိုင်းထားရှိခဲ့သဖြင့် ရေစီးဆင်းမှုကို အဟန့်အတားဖြစ်စေသောကြောင့်ဘောင်နှင့် တစ်ညီတည်းဖြစ်သည့် တံတား ပြုပြင်တည်ဆောက်ပေးရန် လိုအပ်ပါသည်။

စတ္တိုးပေါက်ကျေးရွာနှင့် အောင်ချမ်းသာကျေးရွာတို့ကို ရေလွှမ်းမိုးမှုမှကာကွယ်နိုင်ရန် အတွက် တရားမဝင်လက်လုပ်ဆည်များကို စစ်ဆေး၍ စိစစ်ချထားပေးရန်၊ ချောင်းတိမ်ကောမှုကို ကာကွယ်ရန်အတွက် မြေထိန်းနံရံများတည်ဆောက်ခြင်းနှင့် သဲသောင်တူးခြင်းများ ဆောင်ရွက် ရန်၊ သစ်တောစိုက်ခင်းများပြန်လည်ထူထောင်ရန် လိုအပ်ပါသည်။

## ၂.၇။ ကချင်ပြည်နယ်

### ၂.၇.၁။ ဗန်းမော်မြို့နယ်

ကန်သာကျေးရွာနှင့် သပြေကုန်းကျေးရွာတို့တွင် ဧရာဝတီမြစ်ရေတိုက်စားမှုကြောင့် စိုက်ပျိုးမြေနှင့် လူနေအိမ်မြေများ ဆုံးရှုံးရသည့်အတွက် မြစ်ကြောင်းထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရန်နှင့် သောင်တူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် ဖြစ်ပါသည်။

### ၂.၇.၂။ မိုးညှင်းမြို့နယ်

အရှေ့စုရပ်ကွက်နှင့် ညောင်ပင်သာကျေးရွာတို့တွင် မိုးကြီးခြင်းကြောင့် တံတားပြိုခြင်း၊ နန့်ရင်းချောင်းရေလျှံ၍ ရပ်ကွက်အတွင်းရေဝင်ရောက်ခြင်းများ ဖြစ်ပေါ်ခဲ့ပြီး နန့်ရင်းချောင်း ရေကာတာတည်ဆောက်ပေးရန် လိုအပ်လျက် ရှိပါသည်။

## ၂.၈။ ကယားပြည်နယ်

လွိုင်ကော်မြို့နယ်၊ နမ့်ကွတ်ရပ်ကွက်ကို ပတ်ထားသော တာပတ်လမ်း၏ နိမ့်သော နေရာများမှ ရေဝင်ရောက်ပြီး ရေကျချိန်တွင် ရေများ(၄)လခန့် ကျန်ရှိမှုရှိနေပါသဖြင့် ရေစုပ် ထုတ်နိုင်ရန် ရေစုပ်စက် (၁၀) လုံးခန့် ပံ့ပိုးပေးပါ က အဆင်ပြေမည် ဖြစ်ပါသည်။

## ၂.၉။ ကရင်ပြည်နယ်

### ၂.၉.၁။ဘားအံမြို့နယ်

တရုတ်လှကျေးရွာသည် သံလွင်မြစ်အတွင်း ကန့်လန့်ဖြတ်အနေအထားဖြင့် မြစ်၏ သုံးပုံနှစ်ပုံခန့် ကျောက်တန်းချထားမှုရှိခြင်း၊ မြိုင်ကလေးဘိလပ်မြေစက်ရုံ အတွက် သင်္ဘောများ ဆိုက်ကပ်နိုင်ရန် ရည်ရွယ်၍ ချထားခဲ့သော ကျောက်တန်းကြောင့် ရေကြီးချိန်တွင် အရှိန်ပြင်းသည့် ရေလှိုင်းများသည် တရုတ်လှကျေးရွာကမ်းပါးသို့ လာရောက်တိုက်ခတ်ခြင်းကြောင့် ကမ်းပါးပြိုရသဖြင့် တရုတ်လှကျေးရွာမြစ်ကမ်းပါး အနီး ရေလမ်းကြောင်းပြောင်းစေသည့် ကျောက်တန်းချထားမှုအားစိစစ်ပေးရန်နှင့် ဘားအံမြို့ကမ်းပြိုသည့်နေရာများတွင် ကမ်းထိန်းနံရံ တည်ဆောက်ပေးရန်လိုအပ်လျက်ရှိပါသည်။

### ၂.၉.၂။ လှိုင်းဘွဲ့မြို့နယ်

ရွှေဥဒန်းကျေးရွာတွင် ၂၀၁၆ခုနှစ် မိုးတွင်းကာလအတွင်း ကမ်းပြိုမှုဖြစ်ပေါ်ခဲ့ပြီး လာမည့် ၂၀၁၇ ခုနှစ် မိုးတွင်းတွင်လည်းကမ်းပါး ဆက်လက်ပြိုနိုင်မည့်အနေအထားများရှိခြင်းကြောင့် ကျေးရွာ၏မြစ်ကမ်းဧရိယာ(၂) မိုင်ကျော်ခန့် ရှိသည့်အနက် ကမ်းပြိုမှုအန္တရာယ်အများဆုံး ဖြစ်နိုင်သည့်အပိုင်းများအားဦးစားပေး၍ကမ်းထိန်းနံရံပြုလုပ်ပေးစေရန် လိုအပ်နေပါသည်။

## ၂.၁၀။ ချင်းပြည်နယ်

### ၂.၁၀.၁။ဟားခါးမြို့နယ်

မြို့ဟောင်းရပ်ကွက်၊ ဈေးသစ်၊ ဈေးဟောင်း၊ ပြည်တော်သာ၊ မြို့သစ်၊ ကျောဘုတ်၊ သီနန်းကျေးရွာတို့တွင် မိုးသည်းထန်စွာရွာသွန်း၍ မြေပြိုမှုဖြစ်ပွားခဲ့ခြင်းကြောင့် သစ်တော များကိုစနစ်တကျစိုက်ပျိုးပေးရန်၊ ရေစီးဆင်းမှုကောင်းမွန်စေရန်အတွက် ရေနုတ်မြောင်းများ ဖောက်လုပ်ပေးရန်လိုအပ်နေပါသည်။

### ၂.၁၀.၂။ ဖလမ်းမြို့နယ်

ဒုမန်းကျေးရွာ၊ ဇော်ပီးကျေးရွာတို့တွင် မိုးသည်းထန်စွာရွာသွန်း၍ မြေပြိုမှုဖြစ်ပွားခဲ့ခြင်း ကြောင့် ပြောင်းရွှေ့ထားသောကျေးရွာများကို စနစ်တကျ ဆောင်ရွက်ပေးရန်၊ ကျေးရွာချင်း ဆက်လမ်းများ ကောင်းမွန်အောင်ဆောင်ရွက်ပေးရန် ဖြစ်ပါသည်။

### ၂.၁၀.၃။ မင်းတပ်မြို့နယ်

ချိုင်ကျေးရွာ၊ မလိုင်ကျေးရွာတို့တွင် မိုးသည်းထန်စွာရွာသွန်း၍မြေပြိုမှုဖြစ်ပွားခဲ့ခြင်းကြောင့် ပြောင်းရွှေ့ထားသော ကျေးရွာများအတွက် စာသင်ကျောင်းများ တည်ဆောက်ပေးရန်၊ ကျန်းမာရေးအသိပညာပေးရန်လိုအပ်လျက် ရှိပါသည်။

### ၂.၁၁။ တနင်္သာရီတိုင်းဒေသကြီး

ကော့သောင်းမြို့နယ်ပုလုံးတုံးတုံးကျေးရွာသည် ပင်လယ်နှင့်နီးကပ်စွာတည်ရှိသဖြင့် ပင်လယ်ရေမြင့်တက်လာခြင်း၊ မိုးကြီးခြင်းတို့ကြောင့် ရေဘေးခံစားရခြင်းနှင့် လောင်းလုံးမြို့နယ် သဘော့ဆိပ် ကျေးရွာသည် ရေဘေးကြုံတွေ့ရသော အိမ်ခြေများမှာ ပင်လယ်ကမ်းစပ်အနီးတွင် ယာယီနေထိုင်ရာမှ အတည်တကျအိမ်ဆောက်နေထိုင်သူများ ဖြစ်ခြင်းတို့ကြောင့် သဘာဝဘေး အန္တရာယ် ကြုံတွေ့ပါက ရွှေ့ပြောင်းနေထိုင်နိုင်သည့် Shelter များ တည်ဆောက်ပေးရန် လိုအပ်လျက် ရှိပါသည်။

### ၂.၁၂။ မွန်ပြည်နယ်

မော်လမြိုင်မြို့နယ်၊ မောင်ငံရပ်ကွက်၊ ကွင်းရပ်ရပ်ကွက်၊ သီရိမြိုင်ရပ်ကွက်၊ သီရိမင်္ဂလာရပ်ကွက်၊ မရမ်းကုန်းရပ်ကွက်၊ သာယာအေးရပ်ကွက်များတွင် ကွင်းဆင်း ကောက်ယူခဲ့ရာ မောင်ငံရပ်ကွက်သည် ကမ်းနားလမ်းဖောက်လုပ်မှုကြောင့် ရေစီးရေလာမြောင်း များမှာပိတ်ဆို့သွားပြီး လမ်းဖောက်လုပ်ရာတွင် ရေမြောင်းအဖြစ်အသုံးပြုသော ရေမြောင်းပိုက်များမှာ သေးငယ်ခြင်းကြောင့် ရေများအလွယ်တကူမစီးဆင်းနိုင်ဘဲ မိုးရာသီတွင်အနိမ့်ပိုင်း၌ရေလျှံမှုများ ဖြစ်ပေါ်လျှက်ရှိသောကြောင့် သံလွင်မြစ်ထဲသို့ မြောင်းရေများ စီးဆင်းရန် ရေမြောင်းကြီး များနှင့် ရေပိုက်အကြီးစားများ အသုံးပြုဖောက်လုပ်ပေးရန် ဖြစ်ပါသည်။

### ၂.၁၃။ ရခိုင်ပြည်နယ်

### ၂.၁၃.၁။ကျောက်တော်မြို့နယ်

ကျောက်တော်မြို့နယ် သရက်တပင်ကျေးရွာနှင်စပါးဆိပ်(သရီ) ကျေးရွာရှိချောင်းမှာ ရွံ့နွံများ၊ အမှိုက်များဖြင့်ပြည့်လျှံနေခြင်းကြောင့် ရေစီးရေလာပိတ်ဆို့ခြင်း၊ တချို့နေရာများ တွင်နုန်းများ ပို့ချမှုကြောင့်ရေစီးဆင်းမှုအားနည်းနေခြင်း ဖြစ်ပေါ်နေသောကြောင့် ချောင်း အောက်ခြေတူးပေးရန် လိုအပ်နေပါသည်။

## ၂.၁၃.၂။ကျောက်ဖြူမြို့နယ်

ကျောက်ဖြူမြို့နယ် သဲတန်းကျေးရွာ၊ ပင်လယ်ကျွန်းစုဒေသများဖြစ်၍ မုန်တိုင်းများ ဝင်ရောက်ခြင်း၊ ဒီရေလှိုင်းများနှင့် အတူသဲနှုန်းများဖုံးလွှမ်း၍ လယ်ယာမြေများနှင့် သီးနှံစိုက်ခင်းများ ပျက်စီးခြင်းများမကြာခဏကြုံရခြင်းမှ ကာကွယ်ရန်တန်းခရိုကျေးရွာ တို့သည် တန်းခရိုကျေးရွာပတ်လည် ပေ (၃၀၀၀) ခန့် တာတမံများ တည်ဆောက်ပေးရန် လိုပါသည်။

## ၂.၁၃.၃။မင်းပြားမြို့နယ်

မင်းပြားမြို့နယ် မြစ်နားကျေးရွာနှင့် နောနော်ကျေးရွာသည် လေးမြို့မြစ်ကမ်းနဘေးတွင်တည်ရှိပြီး၊ နောနော်ကျေးရွာတွင် တည်ရှိသည့် နောနော်ချောင်းသည် တိမ်ကောနေသဖြင့် မြစ်ရေကြီးသည့်အခါတွင်ရေများသည် ရွာထဲသို့ဒလဟောစီးဝင်ခြင်း၊ မြစ်ရေစီးဆင်းရန်အတွက် ရေထွက်ပေါက်မရှိခြင်း၊ လေးမြို့မြစ်အတွင်း သောင်ထွန်းနေမှုများအား တူးဖော်ပေးရန်၊ ရေစီးရေလာ ကောင်းမွန်ရန်အတွက် တိမ်ကောနေသော နောနော်ချောင်းအား တူးဖော်ရန်နှင့် ချောင်းအတွင်းသို့စီးဝင်သော မြောင်းများအား တူးဖော်ပေးရန် လိုအပ်ပါ သည်။

## ၂.၁၃.၄။သံတွဲမြို့နယ်

သံတွဲမြို့နယ်တွင် ရွှေလေ့ကျေးရွာသည် ရခိုင်ရိုးမမှ အဆက်မပြတ်မိုးသည်းထန်စွာ ရွာသွန်း၍ တောင်ကျရေအရှိန်ပြင်းစွာ စီးဆင်းလာခြင်းကြောင့် ချောင်းရေကြီးခြင်းဒဏ်ကို ခံရသောကြောင့် သူ့ဌေးချောင်းရေထိန်းနံရံ ပြုလုပ်ပေးရန်လိုအပ်ပါသည်။

## ၂.၁၄။ ရန်ကုန်တိုင်းဒေသကြီး

## ၂.၁၄.၁။ မှော်ဘီမြို့နယ်

မြစ်ကျိုးကျေးရွာအုပ်စုတွင် ရေမြင့်တက်မှုအနေဖြင့် အိမ်ခြေမှအမြင့် (၇) ပေခွဲခန့်ရှိပြီး ရေကြီးသည့်အချိန်တွင် အဆိပ်ရှိသောမြွေများရှိခြင်း၊ ကျေးရွာများရှိတွင်းရေတွင် အာဆင်းနစ်ဓာတ် (ခေါ်) သံဓာတ်များပါဝင်နေပြီး သောက်သုံးရန်မသင့်တော်ခြင်း၊ နွေရာသီတွင် စိုက်ပျိုးရေးအတွက် ရေမရှိသဖြင့် ရေအခက်အခဲနှင့်ကြုံတွေ့နေရခြင်း တို့ကြောင့် မြွေအန္တရာယ်ရှိသဖြင့် အချိန်မီကုသနိုင်ရန် ကျေးလက်ဆေးပေးခန်းများ ဖွင့်ပေးနိုင်ရန်နှင့် ကျန်းမာရေး စောင့်ရှောက်မှုနှင့် ဆက်စပ်အသိပညာများ ဖြည့်ဆည်းပေးရန်၊ သောက်သုံးရေရှားပါးမှုကို ဖြည့်ဆည်းပေးရန် ဖြစ်ပါသည်။

## ၂.၁၄.၂။တိုက်ကြီးမြို့နယ်

တိုက်ကြီးမြို့နယ်၊ ငါးလာချောင်းကျေးရွာအုပ်စုသည် ဧရာဝတီမြစ်ကမ်းနံဘေးတွင်တည်ရှိပြီး ဧရာဝတီမြစ်ရေနှင့်လှိုင်မြစ်ရေမြင့်တက်ခြင်းကြောင့် ကမ်းပတ်တာ ရေစိမ့်ဝင်ခြင်းနှင့် ရေလျှံမှုများဖြစ်ပေါ်ခြင်း၊ မြစ်ကမ်းပါးများတိုက်စားလာခြင်းကြောင့် နေအိမ်များ ပြောင်းရွှေ့ရန် လိုအပ်လာသော်လည်း မြေနေရာနှင့်ငွေကြေးအခက်အခဲများကြောင့် ပြောင်းရွှေ့ရန် အခက်အခဲများစွာရှိခြင်းကြောင့် စွန့်ပစ်တာဟောင်းကို ပြန်လည်ပြုပြင်ပေးရန်၊ ရေတိုက်စားကမ်းပြိုလာခြင်းကြောင့် မြစ်ကမ်းနံဘေးတွင်ရှိသော အိမ်ခြေ(၉၀)အား စိစစ်နေရာပေးနိုင်ရန် ဖြစ်ပါသည်။

တောင်ရပ်ဇီးကုန်းကျေးရွာအုပ်စုသည် နှစ်စဉ်ရေကြီးမှုများတွင် ရေကြီးရေလျှံခြင်းကြောင့် ပျက်စီးဆုံးရှုံးမှုအများဆုံးဖြစ်သည်။ ရေနှစ်ကြိမ်၊ သုံးကြိမ် ပြန်လည်မြင့်တက်ခြင်းကြောင့် လယ်ယာမြေများ ပျက်စီးဆုံးရှုံးရသည့်အပြင် အချိန်မီပြန်လည်စိုက်ပျိုးရန် ရေလိုအပ်ချိန်တွင် မြစ်ရေတင်စီမံကိန်း၏ စက်ပစ္စည်းများချို့ယွင်းခြင်းကြောင့် အချိန်မီပြန်လည်မစိုက်ပျိုးနိုင်ခြင်း၊ ရေပေးဝေမှုနောက်ကျခြင်းများကြောင့် အခက်အခဲများစွာကြုံတွေ့ခဲ့ရပါသည်။ မိုးရာသီတွင် လှိုင်မြစ်ရေနှစ်စဉ်မြင့်တက်ခြင်းကြောင့် စက်လှေဖြင့်ကျောင်းသွားရသော ကျောင်းသားများအတွက်များစွာအန္တရာယ်ရှိပါသည်။ ရေနုတ်မြောင်းများ ပြန်လည်တူးဖော်ပေးရန်၊ တိမ်ကောနေသောချောင်းများ ပြန်လည်တူးဖော်ပေးရမည် ဖြစ်ပါသည်။

## ၂.၁၄.၃။ တွံတေးမြို့နယ်

တွံတေးမြို့နယ်၊ ကျွန်းဘက်ကရင်ချောင်းကျေးရွာအုပ်စု၊ ရွှေလှေချောင်းကျေးရွာအုပ်စု တို့တွင် နှစ်စဉ်ကမ်းပြိုမှုဖြစ်ပွားသောကြောင့် ရေထိန်းနံရံတည်ဆောက်ပေးရန် လိုအပ်ပါသည်။

## ၂.၁၅။ ရှမ်းပြည်နယ်

ရွာင်မြို့နယ်၊ ဝက္ကပူးကျေးရွာ၊ တောင်ကြားကျေးရွာ၊ လူးကျေးရွာ၊မြစ်ဆုံကျေးရွာတို့တွင် ကျေးရွာသူ/သားအများစုမှာ ထင်းခုတ်၊ ဝါးခုတ်၊ မီးသွေးဖုတ်လုပ်ငန်းများ သာလုပ်ကိုင်စားသောက်နေကြရသည့်အတွက် သစ်ပင်၊သစ်တောပြုန်းတီးခြင်းများ ဖြစ်ပေါ်နေခြင်းကြောင့် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေကာ သဘာဝဘေးအန္တရာယ် ဖြစ်ပေါ်လာစေနိုင်သည့် အတွက်အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးနိုင်ရေးလိုအပ်လျက် ရှိပါသည်။

**၃။ နိဂုံး**

သဘာဝဘေး ပြန်လည်ထူထောင်ရာတွင် အချိန်အား၊ ငွေအား၊ အရင်းအမြစ်အင်အား များစွာ အသုံးပြုရသည့်အတွက် ဘေးဒဏ်လျော့နည်း သက်သာစေရန် ကြိုတင်ပြင်ဆင်ခြင်းသည် အကောင်းဆုံး နည်းလမ်းဖြစ်ပါသည်။ ဖြစ်လာမှ ဆောင်ရွက်သည်ထက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားခြင်းဖြင့် မဖြစ်မီ၊ ဖြစ်ဆဲ၊ ဖြစ်ပြီး လုပ်ငန်းဆောင်ရွက်မှုများကို အချိတ်အဆက်မိမိနှင့် လစ်ဟာမှုမရှိစေရန် ဆောင်ရွက်နိုင်မည်ဖြစ်သည့်အတွက် တိုင်းဒေသကြီး ပြည်နယ်အလိုက်၊ သဘာဝဘေးအန္တရာယ်အလိုက် ရင်ဆိုင်တုံ့ပြန်နိုင်ရေး၊ ပြန်လည်ထူထောင်ရေး စီမံချက်များကို ဒေသ၏ လိုအပ်ချက်နှင့်အညီ ရေးဆွဲပြုစုကြရမည် ဖြစ်ပါသည်။

သဘာဝဘေးအန္တရာယ်ဆိုင်ရာစစ်တမ်းသည် ၂၀၁၆ခုနှစ်တွင် သဘာဝဘေး (ရေကြီး၊ ရေလျှံမှု၊မြေပြိုကျမှု)များကြောင့် ထိခိုက်ပျက်စီးမှုနှင့် ဘေးအန္တရာယ်ကို အဓိက ခံစားခဲ့ရသော ဒေသများသို့ ကွင်းဆင်း၍စစ်တမ်းကောက်ယူထားခြင်းဖြစ်ပါသည်။စစ်တမ်းကောက်ယူခြင်းမှ ရရှိခဲ့သောတွေ့ရှိချက်များနှင့်လိုအပ်ချက်များသည်သဘာဝဘေးအန္တရာယ်များအတွက် ထိရောက်စွာ ကြိုတင်ပြင်ဆင်ကာကွယ်ရေး၊ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများအား စနစ်တကျအကောင်အထည်ဖော်နိုင်ရေး၊ ဘေးအန္တရာယ်စီမံခန့်ခွဲမှုကို မျက်ခြေမပြတ် တာဝန်ခံဆောင်ရွက်နိုင်မှု ထွန်းကားရေး၊ လူထု၏ကြိုတင်ကာကွယ်ရေးနှင့် စွမ်းရည်ထက်မြက်ရှင်သန် စေရေးအတွက် တိုးမြှင့်ဆောင်ရွက်နိုင်ရန် စီမံကိန်းများတွင် ထည့်သွင်းစဉ်းစားနိုင်မည် ဖြစ်ပါသည်။

## တိုင်းဒေသကြီး/ပြည်နယ် များသို့ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စစ်တမ်း (၂၀၁၆)
## ကွင်းဆင်းကောက်ယူခြင်း

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် (မြို့နယ်) | ကွင်းဆင်း ကောက်ယူခဲ့သည့် ကျေးရွာ/ ရပ်ကွက် | တွေ့ရှိချက်များ | လိုအပ်ချက်များ |
|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ |
| ၁ | **နေပြည်တော်ကောင်စီနယ်မြေ** | | | |
| | တပ်ကုန်း မြို့နယ် | သံပုရာကုန်း ကျေးရွာ၊ လက်ပံအိုင့်ကျေး ရွာ၊ညောင်ပင်သာ ရွာ၊ ရွာတော ကျေးရွာ၊ ဖက်သန်း တောင် ရွာ | (က)ဆင်သေချောင်း အထက်ပိုင်းရှိသစ်တော များကိုတောင်ယာခုတ် ထွင်၍စိုက်ပျိုးခြင်းများ၊ မီးသွေးဖုတ်ခြင်းများ၊ သစ်ထုတ်လုပ်မှုများ ကြောင့် သစ်တောများ ပြုန်းတီးခြင်း၊ (ခ)ချောင်းမျက်နှာပြင်မြင့် တက်၍တိမ်ကောမှုများ၊ ကျဉ်းမြောင်းမှုများနှင့် ရေလမ်းကြောင်းပြောင်း လဲမှုများဖြစ်ပေါ်ခြင်း၊ (ဂ)လယ်ယာစိုက်ပျိုးရန် အတွက်တည်ဆောက်ထား သောလက်လုပ်ဆည်များ ကြောင့်မိုးများအဆက် မပြတ်ရွာသွန်းသည့်အခါ လက်လုပ်ဆည်များကျိုး ပေါက်၍ရေကြီးရေလျှံမှုကို ဖြစ်ပေါ်ခြင်း | (က)သစ်တောစိုက်ခင်းများ ပြန်လည်ထူထောင်ရန်၊ (ခ) ဆင်သေချောင်းရေစီး ရေလာကောင်းမွန်ရေး ဆောင်ရွက်ရန်၊ (ဂ)ချောင်းတိမ်ကောမှုကို ကာကွယ်ရန်အတွက် မြေထိန်း နံရံများတည် ဆောက်ခြင်း နှင့် သဲသောင်တူးခြင်းများ ဆောင်ရွက်ရန်၊ (ဃ)ချောင်းကမ်းပါးဘေး တွင်နေထိုင်သည့်အိမ်များ အား စနစ်တကျပြောင်းရွှေ့ နေထိုင် စေရေး ဆောင်ရွက်ပေးရန်၊ (င)ဖက်သန်းတောင်ကျေးရွာ မှရေထွက်ပေါက်ချောင်းများ ကိုချောင်းပိတ်၍လက်လုပ် ဆည် များပြုလုပ်ခြင်းများကို စိစစ်ကြပ်မတ်သွားရန်၊ |
| | လယ်ဝေး မြို့နယ် | ကျောက်မီးကူရွာ၊ ဥသျှစ်လှိုင်းရွာ၊ သစ်ပုတ်ပင်ရွာ၊ အေးချမ်းသားရွာ၊ ညောင်ပင်သာရွာ | (က)မိုးရွာသွန်းမှုများပြား ခြင်းကြောင့်ပလွေချောင်း ရေလျှံခြင်း၊ ရေစီးသန်ခြင်း၊ (ခ)ချောင်းရေတိုက်စားမှု ကြောင့်မြေပြိုခြင်းနှင့် အိမ်များရွှေ့ပြောင်းရခြင်း၊ (ဂ)ညောင်ပင်သာကျေးရွာ တွင်မြစိမ်းရောင်မေတ္တာ ပေါင်းကူးတံတားသည် | (က)ချောင်းရေထိန်းနံရံတည် ဆောက်ရန်၊ (ခ)ချောင်းနှင့်ဝေးသောယာ မြေများပေါ်တွင်အကွက်ဖော် ၍အိမ်များကိုရွှေ့ပြောင်းပေး နိုင်ရန်၊ (ဂ) သစ်ပုတ်ပင်ကျေးရွာတွင် ချောင်းကမ်းပါးဘေးရှိအ ထက်တန်းကျောင်း၊ လူနေအိမ်များ |

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် (မြို့နယ်) | ကွင်းဆင်း ကောက်ယူခဲ့သည့် ကျေးရွာ/ ရပ်ကွက် | တွေ့ရှိချက်များ | လိုအပ်ချက်များ |
|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ |
| | | | ကိုယ့်အားကိုယ်ကိုး တည်ဆောက်ထားသော သစ်သားတံတားဖြစ်သည့် အတွက်တံတားမှာ သစ်လုံးတိုင်များတစ်တိုင် နှင့်တစ်တိုင်နီးကပ်သော ကြောင့် မြစ်ရေစီးနှင့် အတူမျောပါလာ သောဒိုက်များ၊အမှိုက်များ သည်တံတားတိုင်များနှင့် တိုက်မိကာပျက်စီးရခြင်း၊ | နှင့်တံတားအားရေရှည်တည် တံ့စေရန်ရေကာတာများ တည်ဆောက်ပေးရန်၊ (ဃ)မြစိမ်းရောင်မေတ္တာပေါင် းကူးတံတားရေရှည်တည်တံ့ ခိုင် မြဲသောသံကူ ကွန်ကရစ်တံတား တည်ဆောက်ပေးရန်၊ |
| | ဥတ္တရသီရိ မြို့နယ် | မသိမ်ကျေးရွာ၊ မရမ်းခုံရွာ၊ မအူလေးပင်ရွာ | ချောင်းရေလျှံခြင်း၊ တောင်ကျရေများခြင်း၊ ချောင်းအတွင်းသဲနုန်းများ ၍တိမ်ကောခြင်း၊ | (က) မသိမ်ကျေးရွာရှိ ချောင်းမကြီးချောင်းအား ရေကာတာတည်ဆောက် ပေးရန်နှင့်ရေစီးရေလာ ကောင်းစေရန်ချောင်းအတွင်း ရှိသဲနုန်းများတူးဖော် ဆယ်ယူပေးရန်၊ (ခ)ချောင်းအတွင်းစီးဆင်း ရေများမှာသဲဆန်သော တောင်ကျရေစီးဆင်းခြင်း ကြောင့်ချောင်းမှာ တိမ်ကောလာခြင်းဖြစ်၍ တူးဖော်ဆယ်ယူရန်၊ (ဂ) ချောင်းရိုးဘေးတစ် လျှောက် သစ်ပင်များစိုက်ပျိုး၍ ထိန်းသိမ်းကာကွယ်ရန်၊ |
| ၂ | **ရေဝတီတိုင်းဒေသကြီး** | | | |
| | ညောင်တုန်း မြို့နယ် | ကျောင်းစုကျေးရွာ ၊ မဲဇလီကျေးရွာ၊ ပါလှဲ့ကျေးရွာ | (က)စံကင်းကျွန်းကန်ပတ် တာရေစိမ့်ဝင်မှုနှင့် ရေလျှံမှုဖြစ်ခြင်း၊ (ခ)ကြွက်အန္တရာယ် ကြောင့် မြေတွင်းများ | (က)စံကင်းကျွန်းကန်ပတ် တာပြုပြင်မွမ်းမံခြင်းနှင့်အ ဆင့်မြှင့်တင်ရန်၊ (ခ)တာဖိနပ်(လမ်း)တည် ဆောက်ရန်၊ |

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် (မြို့နယ်) | ကွင်းဆင်း ကောက်ယူခဲ့သည့် ကျေးရွာ/ ရပ်ကွက် | တွေ့ရှိချက်များ | လိုအပ်ချက်များ |
|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ |
| | | | ဖြစ်ပေါ်ခြင်း၊ (ဂ)ကျောင်းစုရေတံခါးမှ ကုက္ကိုဝရေတံခါးအထိ တူးမြောင်း ရှိသော်လည်း ရေတံခါးနှစ်ခု စလုံးမှာ ပျက်စီးခြင်းကြောင့် မိုးရာသီတွင် ရေလျှံမှုကိုဖြစ်ပေါ် စေ၍နွေရာသီတွင်ရေရှား ပါးမှုကိုဖြစ်ပေါ်စေခြင်း | (ဂ)ကျောင်းစုရေတံခါးမှ ကုက္ကိုဝရေတံခါးထိ တူးမြောင်းရေစီးရေလာ ကောင်းမွန်စေရေးနှင့် ရေတံခါးများပြုပြင်မွမ်းမံရန်၊ (ဃ)ရွှေ့ပြောင်းနေထိုင်နိုင် သည့် Shelter များ (သို့) စာသင်ကျောင်းများတည် ဆောက်ရန်၊ |
| | သာပေါင်း မြို့နယ် | ရှင်ကြီးပျောက်ရွာ၊ လင်းတာကျရွာ၊ ရွှေညောင်ပင်ရွာ၊ ဘုရားနီရွာ၊ ဘုရားငူရွာ၊ | ( က ) လင်းတာကျချောင်း များ တိမ်ကောလာခြင်း (ခ) လင်းတာကျကျေး ရွာရှိ သောက်သုံးတွင်းရေ တွင် အာဆင်းနစ်ဓာတ် (ခေါ်) သံဓာတ်များ ပါဝင်နေခြင်း၊ (ဂ) ဘုရားနီကျေးရွာရှိ အိမ်များနှင့်အခြားအဆော က်အဦးများမှာခြေတံရှည် အိမ်များဖြစ်ပြီး၁၁ပေ၊ ၁၂ပေခန့်မှုကြမ်းခင်း၍ နေထိုင်ရခြင်း၊ (ဃ) ဘုရားငူရွာသည် မိုးတွင်းရေကြီးပြီး နွေရာသီ တွင်ရေခန်းသည့် အတွက်ရေပြတ်လပ်မှုများ ကြုံတွေ့ သည့်အပြင် သွားလာရေး ခက်ခဲမှုများ ကြုံတွေ့ရခြင်း၊ | (က) ဘုရားနီချောင်း၊ လင်းတာကျချောင်းမြောင်း များရေစီးရေလာကောင်း မွန်ရေး ဆောင်ရွက်ပေးရန်၊ (ခ)သောက်သုံးရေရှားပါး မှုကိုဖြည့်ဆည်းပေးရန်၊ (ဂ) ရွှေ့ပြောင်းနေထိုင်နိုင် သည့် ခိုင်ခံ့သော Shelter များ (သို့) Shelter အဖြစ်အသုံးပြုနိုင် သော စာသင်ကျောင်းများ တည်ဆောက်ပေးရန်၊ (ဃ)ဘုရားနီချောင်းနှင့် ဘုရားနီကျေးရွာမှရေထွက် ပေါက် ချောင်းများကိုချောင်း ပိတ်၍ ငါးဖမ်းခြင်းလုပ်ငန်း များကို စိစစ်ရန်၊ |
| | ဇလွန်မြို့နယ် | ရေလည်သောင ကျေးရွာ၊ ညောင်ပင်သာ၊ ရေပေါက်ကြီး | ( က ) ဧရာဝတီမြစ်ကမ်း နံဘေး တွင်တည်ရှိပြီး မြစ်ကြမ်းပြင်တိမ်ကော လာခြင်းနှင့်ရေလဲတာ | (က) မြစ်သစ်မြောင်းရေစီး ရေလာ ကောင်းမွန်ရေး ပိတ်ဆို့ သဲများ ဖယ်ရှားပေးရန်၊ |

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် (မြို့နယ်) | ကွင်းဆင်း ကောက်ယူခဲ့သည့် ကျေးရွာ/ ရပ်ကွက် | တွေ့ရှိချက်များ | လိုအပ်ချက်များ |
|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ |
| | | ကျေး ရွာ၊ ရေပေါက်ကလေး ကျေးရွာ | နိမ့်ခြင်းကြောင့်ရေကြီး ခြင်း၊<br>(ခ)မြစ်သစ်မြောင်းဖောက် လုပ်စဉ်ကပေ၅၀သာ ကျယ်ဝန်း သော်လည်း ယခုမှာကမ်းဘေးရေတိုက် စားမှုကြောင့်ပေ၁၀၀ ခန့်ရှိခြင်း၊<br>(ဂ)အသက်မွေးဝမ်း ကျောင်း ပြုသည့်ယာမြေ များဆုံးရှုံး ရသည့် အပြင်နေစရာမြေများ ပါရေတိုက်စားခံရသည့် အတွက်နေစရာမရှိပါ၍ ရွှေ့ပြောင်းရန်မြေနေရာ လည်းကျေးရွာအတွင်း မရှိခြင်း၊ | (ခ) မြစ်ကြမ်းပြင်တိမ်ကော မှုများ အတွက်မြစ်ကြောင်း ထိန်းသိမ်းရန်၊<br>(ဂ) ရေတိုက်စား ကမ်းပြို ခြင်းကြောင့်ပျက်စီး နေအိမ် များ အတွက်မြေနေ ရာများ ပြန်လည်စီစစ်ချထားပေးရန်၊ |
| | အင်္ဂပူမြို့နယ် | ရိုးလေးဂရွာ၊ နံကပ်ကြီးကျေး ရွာ၊အလယ်ကွင်း ရွာ | (က)ဝေန်မြစ်ရေနှင့်ဧရာ ဝတီမြစ်ရေကြီးခြင်း၊ မြစ်ရေတိုက်စားခြင်း၊<br>(ခ) ဧရာဝတီမြစ်ရေတက် သည်နှင့်အညီသုံးဇက် အင်း၊ ကညင် ချောင်းနှင့် ဆယ်နှစ်ရိုးအင်းရေလျှံ တက်ခြင်း၊ | က)ဧရာဝတီမြစ်ကြောင်း လွှဲမည့်ရေတာကတုတ်တည် ဆောက်ပေးရန်၊<br>(ခ) ဟင်္သာတ-အင်္ဂပူ ကား လမ်း အပေါင်းတာ အား နှစ်ပေခန့်မြှင့်တင်ပေးရန်၊<br>(ဂ) ကျန်းမာရေး စောင့်ရှောက် မှု နှင့်ဆက်စပ်အသိပညာများ ဖြည့်ဆည်းပေးရန်၊ |
| | လေးမျက်နှာ မြို့နယ် | သောင်ပုတ်ရွာ၊ ယင်းဆယ်ရွာ၊ နင်းကြမ်းရွာ | (က) ဝေန်မြစ်ရေကြီး ခြင်း၊ ရေတိုက်စား ကမ်းပြိုခြင်း နှင့်လေဆင် နှာ မောင်း တိုက်ခတ်ခြင်း၊<br>(ခ)ရွှေ့ပြောင်းရန်မြေနေရ ာကျေးရွာတွင်မရှိ တော့ခြင်း၊ | ရေတိုက်စားကမ်းပြိုခြင်း ကြောင့်ပျက်စီးနေအိမ်များ အတွက်မြေနေရာများပြန် လည်စီစစ်ချထားပေးရန်၊ |

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် (မြို့နယ်) | ကွင်းဆင်း ကောက်ယူခဲ့သည့် ကျေးရွာ/ ရပ်ကွက် | တွေ့ရှိချက်များ | လိုအပ်ချက်များ |
|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ |
| | | | | |
| | ဟသ်ာတ မြို့နယ် | ကျော့က်ရဲကျေးရွာ၊သဲရိုးကျေးရွာ၊ ရေလယ်ကျွန်းရွာ၊ အုတ်ရှစ်ကုန်းရွာ၊ | ( က ) ဧရာဝတီမြစ်ရေ တိုက် စား ခြင်းနှင့်ရေကြီး ခြင်း ကြောင့်မြေပြိုခြင်း၊ မြစ်ကမ်းပြိုကျခြင်း၊<br>(ခ) ရေတိုက်စားခံရသည့် အတွက်ယာမြေများဆုံးရှုံး ရသည့်အပြင်ရွှေ့ပြောင်း ရန် မြေနေရာလည်း ကျေးရွာတွင် မရှိခြင်း၊ | ရေတိုက်စားကမ်းပြိုခြင်း ကြောင့်ပျက်စီးနေအိမ်များ အတွက်မြေနေရာများပြန် လည်စီစစ်ချထားပေးရန်၊ |
| | မအူပင်မြို့နယ် | ကြို့လှကျေးရွာ၊ ပေကုံးကျေးရွာ၊ ရွှေလှေသောင်ရွာ၊ အောက်ထုံးကျေးရွာ၊မရမ်းကုန်း ကျေးရွာ၊အင်း တေးစုကျေးရွာ၊ ဇန်းမနီးရွာ | နှစ်စဉ်နှစ်တိုင်းရေကြီး ခြင်း ကမ်းပါးရေ တိုက်စား၍အိမ် ထောင်စုများပြောင်းရွှေ့နေ ထိုင်ရခြင်း၊ | (က)ရွှေ့ပြောင်းရန်မြေနေရာ များဆောင်ရွက်ပေးရန်၊<br>(ခ)ကိုးအိမ်တန်းတာပေါက် များပိတ်ပေးရန်နှင့်တာလမ်း များ အားအမြင့်ပေ ထပ်တိုးမြှင့် တည်ဆောက်ရန်၊ |
| | ဓနုဖြူမြို့နယ် | ပုကွန်ကျေးရွာ၊ မွေ့လှိုင်ကျေးရွာ၊ ဆကာကြီးကျေးရွ ာ | နှစ်စဉ်ရေကြီးမှုမှာတစ်နှစ် ထက်တစ်နှစ်ပိုမိုဆိုးရွားခြ င်း၊ | (က)စံကင်းကျွန်းကန်ပတ်တ ာပြုပြင်မွမ်းမံခြင်းနှင့်အဆ င့်မြင့်တင်ရန်၊<br>(ခ) တာလမ်းများအား အမြင့်ပေထပ်တိုးမြှင့် တည်ဆောက်ရန်၊ |
| **၃** | **ပဲခူးတိုင်းဒေသကြီး** | | | |
| | ကဝမြို့နယ် | ဝဲပတန်ကျေးရွာ၊ တံတားဦးကျေး ရွာ၊မမောက်ကျေး ရွာ၊ရွှေတဆုပ် ကျေးရွာ | (က)မိုးကြီးခြင်းကြောင့် စစ်တောင်းမြစ်ရေလျှံခြင်း၊<br>(ခ)ရေတိုက်စားခြင်း ကြောင့်ကမ်းပြိုခြင်းများ ဖြစ်ပေါ်ပြီးအဆိုပါကမ်းပြို မှု ကြောင့်ရေငန်ဝင် ရောက်၍ လယ်ယာမြေ များပျက်စီးဆုံးရှုံးခြင်း၊ | (က)ခိုင်ခံ့သောရေငန်တား တာတမံတည်ဆောက်ပေးရန်<br>(ခ)ကမ်းပြိုခြင်းဆက်လက် ဖြစ်ပွားနေပါကပြောင်းရွှေ့ ရန် အတွက်နေရာသတ်မှတ် ချထားပေးပါရန်၊ |

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် (မြို့နယ်) | ကွင်းဆင်း ကောက်ယူခဲ့သည့် ကျေးရွာ/ ရပ်ကွက် | တွေ့ရှိချက်များ | လိုအပ်ချက်များ |
|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ |
| | သနပ်ပင်မြို့နယ် | ကမ်းပြိုကျေးရွာ၊ ကျွဲတဲကျေးရွာ၊ ရွှေအိုးကျေးရွာ၊ နတ်ရေကန်ကျေးရွာ၊သနတ္တန်း ကျေးရွာ | (က) လယ်မြေများကို ဝယ်ယူ ၍ နေထိုင်ခြင်း များ ပြုလုပ်နေကြရခြင်း၊ (ခ)ရွှေအိုးကျေးရွာတွင်နှစ်စဉ်ရေကြီးသည့်ဘေးကိုခံစား ရပြီးကမ်းပါး များပြိုကျမှုမှာလည်းတစ်နှစ်ထက်တစ်နှစ်ပိုမိုဆိုးရွားလျက်ရှိခြင်း | (က) ကမ်းပြိုကျေးရွာအုပ်စု တွင်ခိုင်ခံ့သောရေကန်တားတာဘောင်များဆောက်လုပ်ပေးရန်၊ (ခ) ကသစ်ခုံကျေးရွာအုပ်စု၊ ကျွဲတဲကျေးရွာအုပ်စုနှင့်ကမ်းပြိုကျေးရွာအုပ်စုများအတွက် စစ် တောင်းမြစ်မြစ်ကြောင်းဖြောင့်စေရန်သောင်တူးစက်ဖြင့်တူး ဖော်ပေးရန်နှင့် လယ်ယာမြေဆုံးရှုံးခဲ့သောတောင်သူများအ တွက် အလုပ်အကိုင်အခွင့်အ လမ်းများ ဖန်တီးပေးခြင်း၊ လယ်ယာမြေဖော်ထုတ်ပေးခြင်းတို့ပြုလုပ်ပေးရန်၊ |
| | ဝေါမြို့နယ် | တနော်ကျွန်းရွာ၊ ကွေ့ကြီး၊ လက်ပံရွာ၊ ဒလန္တမ်းကျေးရွာ၊ | (က) ကမ်းပြိုခြင်း၊ စစ်တောင်း မြစ်ရေ တိုက်စားခြင်း၊ (ခ)ကမ်းပြိုမှုကြောင့်စိုက်ပျိုး မြေများဆုံးရှုံးခြင်း၊ (ဂ) စစ်တောင်းမြစ်မှာ ဒီရေအတက်အကျကြောင့် ရေတိုက်စားမှုများလာပြီး ရေစီးကြောင်းပြောင်းလဲမှုကြောင့်မြစ်လယ်တွင်သောင်ထွန်းကာကျေးရွာသို့ဒီရေ တိုက်စားသဖြင့် ကမ်းပါးမြေပြိုမှုဖြစ်ပေါ်ခြင်း၊ကမ်းပါးများ တွင် ကျောက်တုံးများချထားသော်လည်းအောက်ခြေသို့ ဒီ ရေတိုက်စားမှု ကြောင့် | (က)စစ်တောင်းမြစ်တစ်လျှောက်သောင်ထွန်းနေသောနေရာများကိုတူးဖော်၍ရေလမ်းလွှဲပြုလုပ်ပေးရန်၊<br><br>(ခ) အိမ်ခြံမြေနှင့်စိုက်ပျိုးမြေဆုံးရှုံးခဲ့သူများအတွက်နေရာအတည်တကျသတ်မှတ်ချထား ပေးရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးရန်၊ (ဂ)မြေပြိုမှုကြောင့်ပြောင်းရွှေ့နေထိုင်နေသူများအားမြေနေရာပိုင်ဆိုင်မှုသတ်မှတ်ပေးရန်၊ (ဖွံ့ဖြိုးမှုမိတ်ဖက်များမှချေးငွေများချေးပေးရန်ကမ်းလှမ်းခဲ့သော်လည်းမြေနေရာ |

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် (မြို့နယ်) | ကွင်းဆင်း ကောက်ယူခဲ့သည့် ကျေးရွာ/ ရပ်ကွက် | တွေ့ရှိချက်များ | လိုအပ်ချက်များ |
|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ |
| | | | အပေါ်ကမ်းပါးပြိုကျခြင်း၊ (ဃ)ဘုန်းကြီးကျောင်း များပြိုကျသဖြင့်ကယ် ဆယ်ရေး ဆောင်ရွက်ရန် နေရာများ တဖြည်းဖြည်း နည်း ပါးလာခြင်း၊ | ပိုင်ဆိုင်မှုအထောက်အထားမ ပြနိုင်၍ ငွေချေးယူခွင့် မရသည့်ဖြစ်စဉ် များ ဖြစ်ပေါ်နေပါသည်။) (ဃ) ဒီရေတိုက်စားမှုကို ကာကွယ်နိုင်ရန်ရေထိန်း တာများဆောင်ရွက်ပေးရန်၊ |
| | သာယာဝတီ မြို့နယ် | ဖိုးခေါင်ကျေးရွာ၊ မလော့ရှမ်းကုန်း ရွာ၊ထုံးဘိုကျေး ရွာ၊ | (က) ဧရာဝတီမြစ်၏ မြစ်လက် တက်တစ်ခု ဖြစ်သောမြစ်မခ မြစ်ရေ လမ်းကြောင်းပြောင်း၍ရေ တိုက်စားရာမှလူနေ အိမ်ခြေနှင့်ကိုင်းမြေ အချို့ပြိုကျ ပျက်စီးခြင်း၊ (ခ) ထုံးဘိုရွာတွင်နေစရာ မြေများရေတိုက်စားခံ ရသည့်အတွက်နေစရာ မရှိခြင်း၊ ရွှေ့ပြောင်းရန် မြေနေရာ လည်း ကျေးရွာ အတွင်း မရှိတော့ခြင်း၊ | (က) မြစ်မခမြစ်အတွင်း ရေဝင်ရောက်မှုထိန်းသိမ်းနိုင် ရန် ရေကာတာ ဆောက်လုပ် ပေးရန်၊ (ခ) အင်းပေါက်များမှ ရေသွင်းရေထုတ်ခြင်း ကိုထိန်းချုပ်ပေးရန်၊ (ဂ) ထုံးဘိုကျေးရွာတွင် ကမ်းပါးပြိုမှုလျော့ချနိုင်ရေး အတွက်မြေထိန်းနံရံ(၁၁ဝဝ) ပေ အရှည်တည်ဆောက် ပေးရန်၊ (ဃ)ရေတိုက်စားကမ်းပြို ခြင်း ကြောင့်ပျက်စီး နေအိမ်များအတွက် မြေနေရာများပြန်လည် စီစစ်ချထားပေးရန်၊ |
| | ပြည်မြို့နယ် | ကုန်းသာလင်းရွာ၊ မြရွာကျေးရွာ၊ သဲဖြူကျေးရွာ | မြစ်ကြမ်းပြင်တိမ်ကော လာ ခြင်း နှင့်မိုးများခြင်း ကြောင့် မြစ်ရေလျှံပြီး ရေကြီးရခြင်း၊ မြစ်ကမ်းပါးများနိမ့်ဆင်း ကျလာခြင်း၊ပြိုကျခြင်း | ဧရာဝတီမြစ်ရေစီးရေလာ ကောင်းမွန်ရေးနှင့်သဲကျွန်း များဖြစ် ပေါ်မှုဖယ်ရှား နိုင်ရေး ဆောင်ရွက် ပေးရန်၊ |
| | ရွှေတောင် မြို့ နယ် | ရွှေဟင်္သာကျေးရွာ ကျွန်းကလေး ရွာ၊ သရက်သုံးပင်ရွာ | (က) အသက်မွေးဝမ်း ကျောင်း ပြုသည့်လယ်မြေ များ ဆုံးရှုံးရသည့် အပြင်နေစရာမြေများ | ရေတိုက်စားကမ်းပြိုခြင်း ကြောင့်ပျက်စီးနေအိမ်များအ တွက် မြေနေရာများ ပြန် လည် စီစစ် ချထား ပေးရန်၊ |

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် (မြို့နယ်) | ကွင်းဆင်း ကောက်ယူခဲ့သည့် ကျေးရွာ/ ရပ်ကွက် | တွေ့ရှိချက်များ | လိုအပ်ချက်များ |
|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ |
| | | | ပါရေတိုက်စားခံရသည့်အတွက်နေစရာမရှိခြင်း၊<br>(ခ) ရွှေ့ပြောင်းရန် မြေနေရာ လည်းကျေးရွာ အတွင်း မရှိတော့ခြင်း၊ | |
| ၄ | **မကွေးတိုင်းဒေသကြီး** | | | |
| | ရေနံချောင်း မြို့ နယ် | မိန်းမလှကျွန်းရွာ၊ ဝက်လွတ်ရွာ၊ရွာသစ်ကျေးရွာ၊ ကံသာကျေးရွာ | ဧရာဝတီမြစ်ရေကြီးခြင်း၊ ကမ်းပါးပြိုခြင်း၊လေမုန်တိုင်းတိုက်ခြင်း၊ | မြစ်ကမ်းပြိုကျမှုကိုတားဆီးနိုင်ရန်အတွက်ရေကာတာများ တည်ဆောက်ပေးရန်၊ |
| | ဆောမြို့နယ် | လောင်းရှည်ကျေးရွာ | စလင်းချောင်းရေကြီးခြင်း၊ ချောင်းရေတိုက်စားသဖြင့် ကမ်းပါးပြိုကျခြင်း၊ | စလင်းချောင်းမှကျောက်၊ သဲများပါမှုလျော့ကျစေရန်အတွက် ရေဝေရေလဲသစ်တောများကိုထိန်းသိမ်းပေးရန် |
| | မင်းဘူးမြို့နယ် | သနပ်ပင်ကျေးရွာ၊ ငွေသောင်ကျေးရွာ၊ကျောင်းကုန်းရွာ | ဧရာဝတီရေကြီးခြင်း၊ ကမ်းပါးပြိုကျခြင်း၊ | (က)နားခိုနေထိုင်ရန် အဆောက်အဦးမြင့်မြင့် တည်ဆောက်ပေးရန်၊<br>(ခ)သောက်သုံးရေများပံ့ပိုးပေးရန်၊<br>(ဂ)ကျေးရွာချင်းဆက်လမ်း အဆင့်မြှင့်ပြုပြင်ပေးရန် လိုအပ်လျက် ရှိပါသည်။ |
| | ပွင့်ဖြူမြို့နယ် | ဆည်မုန်းရွာ၊ ခုံစုကျေးရွာ | မိုးရွာသွန်းမှုများ၍မြစ်ရေကြီး ခြင်း၊ကမ်းပြိုခြင်း၊ | (က)ကမ်းပြိုမှုကိုကာကွယ်ရန်အတွက် ရေကာတာများ၊ မြေကာနံရံများ တည်ဆောက် ပေးရန်၊<br>(ခ) ရေထုတ်မြောင်းကို စနစ်တကျ ပြုလုပ်ပေးရန်နှင့် ရေလမ်းကြောင်းများ လွှဲပြောင်း ပေးရန်<br>(ဂ) ရေတံခါးများ ပြုလုပ်ပေးရန်၊ |

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် (မြို့နယ်) | ကွင်းဆင်း ကောက်ယူခဲ့သည့် ကျေးရွာ/ ရပ်ကွက် | တွေ့ရှိချက်များ | လိုအပ်ချက်များ |
|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ |
| | စလင်းမြို့နယ် | ဘိုကုန်းကျေးရွာ၊ ရေပေါ်ကျွန်း ကျေးရွာ | မြစ်ရေကြီးခြင်း၊ ကမ်းပြိုခြင်း၊ | ဆိပ်ဖြူနှင့် စလင်းအကြား ရေကျော်လုပ်ခြင်းကြောင့် ချောင်းမမှတဆင့် ရေပွန် အတွင်း ရေများဝင်ရောက် လာ ခြင်းကို ရေလမ်း ကြောင်း လွှဲပေးရန်၊ |
| | ဆိပ်ဖြူမြို့နယ် | ရေလယ်သောင်ရွာ ၊သံဇလုံကျေးရွာ၊ အောက်ဆိပ် ကျေးရွာ | ဧရာဝတီမြစ်ရေကြီး၍ ကမ်းပါးပြိုခြင်း၊ | ရွာပြောင်းရွှေ့ရန်မြေနေရာလို အပ်ခြင်း၊ |
| | အောင်လံ မြို့ နယ် | မကျီးကုန်းရပ် ကွက်၊အင်းပေါက် ကျေး ရွာ၊ ပြလို့ ကျေးရွာ၊ နံ့ဇူပင် ကျေးရွာ၊ပြင်း ပေါက် ကျေး ရွာ | ဧရာဝတီရေကြီးခြင်း၊ ကမ်းပါး ပြိုကျခြင်း၊ | (က) တာပေါင်များအား ပြန်လည်ပြုပြင်ပေးရန်၊ (ခ)အင်းပေါက်ကျေးရွာအနီး ရှိ ပျက်စီးနေသော ရေတံခါးများ အားပြန်လည် ပြုပြင်ပေးရန်၊ |
| | ကံမမြို့နယ် | ရေလယ်တောင်ရွာ ၊အင်းဘဲကျေးရွာ၊ ကင်းကျေးရွာ | ဧရာဝတီရေကြီးခြင်း၊ ကမ်းပြိုခြင်း၊ | ကမ်းပါးပြိုမှုများမှကာကွယ် ရန်ရေကာတာများတည် ဆောက် ပေးရန်၊ |
| ၅ | **စစ်ကိုင်းတိုင်းဒေသကြီး** | | | |
| | မြင်းမူမြို့နယ် | မြစ်ပေါက်ကျေးရွာ ၊လက္ကပင်ကျေးရွာ၊ အုန်းပင်ကျေးရွာ၊ သာယာပေါင်းရွာ | နှစ်စဉ်ဧရာဝတီမြစ်ရေ လျှံခြင်းနှင့်မြစ်ကြောင်း တိမ်ကောလာ၍ ရေမျက်နှာပြင်မြင့်တက် လာ ခြင်း၊ | (က)မြစ်ကြမ်းပြင်တိမ်ကော လာမှုများအတွက်မြစ် ကြောင်း ထိန်းသိမ်းပေးရန်၊ (ခ) လက္ကပင်ကျေးရွာ ကမ်းပြို သည့်နေရာမှ ရေကာတာပြန်လည်ပြုပြင် ပေးရန်(ရွာဘုရားမှရွာထိပ်အ ထိမြေသားနံရံ(၂၇၅)ပေ တည်ဆောက်ပြီးဖြစ်၍ကျန် ပေ (၇၀၀) ကျော်ခန့် အား တည်ဆောက်ပေးရန်၊) |
| | မြောင်မြို့နယ် | ကျိုကုန်းကျေးရွာ၊ ရွှေပေါက်ပင်ရွာ၊ | နှစ်စဉ်ဧရာဝတီမြစ်ရေကြီး ရေလျှံခြင်း၊ | (က)မြစ်ကြမ်းပြင်တိမ်ကော လာမှုများအတွက်မြစ် |

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် (မြို့နယ်) | ကွင်းဆင်း ကောက်ယူခဲ့သည့် ကျေးရွာ/ ရပ်ကွက် | တွေ့ရှိချက်များ | လိုအပ်ချက်များ |
|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ |
| | | မြစ်ဆုံကျေးရွာ | | ကြောင်းထိန်းသိမ်းရန်၊<br>(ခ) ကမ်းပါးပြိုလေ့ရှိသည့် အတွက်မြေထိန်းနံရံနှင့်ရေ ကာနံရံများတည်ဆောက်ပေး ရန်၊<br>(ဂ) ရေစီးရေလာ ကောင်း မွန်စေရေးရေထွက်ပေါက် များ ဆောင်ရွက်ရန်၊ |
| | မုံရွာမြို့နယ် | ဘုဘာကျေးရွာ၊ကိုး ရှင်းကျွန်းကျေးရွာ ၊ဆူးလေကုန်းရွာ | (က)ချင်းတွင်းမြစ်ကမ်း ဘေးတစ်လျှောက်မြစ်ရေ တိုက်စားလာပြီးကမ်းပါး ပြိုကျခြင်း၊<br>(ခ) ရေဝင်ချိန်ကြာသော ကြောင့်ကလေးသူငယ် များသွေးလွန်တုပ်ကွေး ရောဂါများခံစားရခြင်း၊ | (က)ချင်းတွင်းမြစ်ရေတိုက် စားမှုကြောင့်မြစ်ကမ်းပါးပြို ကျမှုကိုထိန်းသိမ်းပေးရန်၊<br>(ခ) ကျန်းမာရေးစောင့် ရှောက် မှုနှင့်ဆက်စပ်အသိ ပညာများဖြည့်ဆည်းပေးရန်၊ |
| | စစ်ကိုင်းမြို့နယ် | နေပူကုန်းကျေးရွာ ၊သပြေပင်ကျေးရွာ ၊ နောက်ကြည့် ကျွန်းရွာ | ဧရာဝတီမြစ်ရေကြီးခြင်း၊ မိုးကြီးခြင်း၊ | (မြစ်ကြမ်းပြင်တိမ်ကော လာမှု များအတွက်မြစ် ကြောင်းထိန်းသိမ်းရန်၊ |
| | ကသာမြို့နယ် | ရပ်ကွက်(၈)၊ ပုလွေရွှေကျေးရွာ၊ ဒုံးအော့ကျေးရွာ၊ မိုးတားလေးရွာ၊ | ဧရာဝတီမြစ်ကမ်းဘေး တွင်တည်ရှိခြင်းကြောင့် နှစ် စဉ်မြစ် ရေကြီးမှုနှင့် မြေပြိုမှုကို ကြုံတွေ့ရခြင်း၊ | (က)ဒုံးအော့ကျေးရွာတွင်နှစ် စဉ်ကမ်းပါးပြိုကျမှုကိုကာ ကွယ်ရန်ရေရှည်အစီအမံများ လိုအပ်ခြင်း၊<br>(ခ)ရွှေ့ပြောင်းသွားသောအိမ် ထောင်စုများအတွက်မြေနေ ရာလိုအပ်ချက်ကိုဖြည့်ဆည်း ပေးရန်၊ |
| **၆** | **မန္တလေးတိုင်းဒေသကြီး** | | | |
| | ပျော်ဘွယ်မြို့ နယ် | ကျောက်ဆည်ရွာ၊ တိမ်းတည်ကျေး ရွာ | (က)မိုးကြီးခြင်းကြောင့် ကျောက်ဆည်ကန်ရေ လျှံခြင်း၊စမုန်းချောင်းတိမ် ကောခြင်း | (က)ချောင်းကောက်ချောင်း၊ တိမ်းတည်ချောင်း၊မျဉ်းကြား ချောင်းနှင့်ရွာသစ်ဘေး ချောင်းတို့တိမ်ကောမှုအား |

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် (မြို့နယ်) | ကွင်းဆင်း ကောက်ယူခဲ့သည့် ကျေးရွာ/ ရပ်ကွက် | တွေ့ရှိချက်များ | လိုအပ်ချက်များ |
|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ |
| | | | နှင့်ကြေးနီကန်ရေလျှံခြင်း၊ (ခ)FAOမှပြုပြင်ပေးခဲ့သည့်တိမ်းတည်ကန် သည်ရေကြီး ရေလျှံခြင်း ကြောင့် ရေကန် ပေါက်ခြင်း၊အက်ခြင်း၊ | ပြန် ဖော်ပေးရန်၊ (ခ) တိမ်းတည်ကန်ကို ပြန်လည် ပြုပြင်ပေးရန်၊ (ဂ)ယခင်အစိုးရလက်ထက် ကပျော်ဘွယ်၊မိတ္ထီလာ၊ သာစည်မြို့နယ်များကိုဖြတ် သန်းသွား သည့်ချောင်းမကြီး ချောင်းကို ရေစီးရေလာ ကောင်းမွန်စေရေးအတွက် တူးဖော်ရန်ဘတ်ဂျက် ချထားခဲ့သော်လည်းမြောင်း စီမံချက်နေရာရွေးချယ်မှုတွင် ပျော်ဘွယ်မြို့နယ်၊ကေရာဇ် ကုန်းကျေးရွာအုပ်စုနှင့်သာစ ည်မြို့ နယ်၊အင်းရွာကျေး ရွာအုပ် စုတို့အကြား အငြင်းပွားမှုဖြစ်ပေါ်ခဲ့သည့် အတွက်ပျက်စီးခဲ့ရသော စီမံကိန်းကိုပြန်လည်စိစစ်၍ အကောင်အထည်ဖော်ရန်၊ |
| | သာစည်မြို့နယ် | မွန်တောကျေးရွာ၊ အင်းရွာကျေးရွာ၊ လူးကုန်းကျေးရွာ နှင့်ဆင်ဝင်ကျေး ရွာ | (က) မိုးရေကြီးခြင်း ကြောင့် သာစည်မြို့နယ်ရှိ မင်းလှကန်မှရေလွှတ်ခြင်း ကြောင့် ရေကြီးခြင်း၊ (ခ)ပျော်ဘွယ်မြို့မှစီးဆင်း သည့်ချောင်းမကြီးချောင်း တိမ်ကောပြီးရေလျှံခြင်း၊ (ဂ)မောင်းမဆည်ကျေးရွာ ရှိ စမုန်ဆည်အတွင်း စီးဝင်သည့်ချွေးသေ ချောင်း နှင့်စမုန် ချောင်း ရေများ လျှံကျခြင်း၊ (ဃ)မိုးကြီးခြင်းနှင့်ကုန်း မြင့် ပိုင်းမှရေများ | (က) ချောင်းမြောင်းအတွင်း ရှိ ပေါက်ရောက်နေသော ကန္တာရ ပင်များ၊ သစ်ပင်ဆူးပင်များ၊ အမှိုက်များစုနေခြင်း အားရှင်းလင်းပေးရန်၊ (ခ)ချောင်းလမ်းကြောင်းအ တိုင်းပြန်လည်တူးဖော်ပေး ရန် နှင့်အင်းရွာပတ်ဝန်းကျင် ချောက်ဖြစ်နေမှုများ ကိုမြေပြန်ဖို့ရန်၊ (ဂ) ရေဝင်မြောင်းများ ပြန်လည် ပြုပြင်တူးဖော်ပေး ရန်၊ |

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် (မြို့နယ်) | ကွင်းဆင်း ကောက်ယူခဲ့သည့် ကျေးရွာ/ ရပ်ကွက် | တွေ့ရှိချက်များ | လိုအပ်ချက်များ |
|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ |
| | | | စီးဆင်းလာခြင်းတို့ ကြောင့်ရေလယ်ကွေ့ ချောင်းရေလျှံခြင်း၊ (င)ချောင်းကောက်ချောင်း နှင့်သရဲချောင်းဆုံရာတွင် ရေပြည့်ရေလျှံခြင်း၊ | (ဃ)ချောင်းကောက်ချောင်း တိမ်ကောမှုကိုပြန်လည် ပြုပြင် ပေးရန်နှင့် ရေစီးရေလာကောင်း သောမြောင်းဖောက်ပေးရန်၊ |
| | ရမည်းသင်း မြို့ နယ် | မာလီကုန်းကျေး ရွာ၊ကူတိုကျေးရွာ၊ ထိန်ကန်ကျေးရွာ၊ ညောင်ပင်ကိုင်း ရွာ၊စတ္တိုး ပေါက်ကျေးရွာ၊ အောင်ချမ်းသာရွာ | (က) ညောင်ပင်ကုန်းရွာရှိ ရေဦးမြောင်းမတော် ဘောင်ကျဉ်းမြောင်းခြင်း၊ တာဘောင်နိမ့်၍လမ်း ဖောက်ခြင်း၊ရေဦးမြောင်း မတော် ဘောင်ကိုဖြတ်၍ တည်ဆောက်ထားသော သုညတံတားသည်မြောင်း တဝက်ခန့်သာရှိခြင်း၊ ကြေးနီကန်ဖြတ်တာ ဘောင် ဆောက်လုပ် ခြင်းတို့ကြောင့်ကျေးရွာအ တွင်းရေဝင်ခြင်းနှင့်ရေဝပ် ခြင်းကိုဖြစ်ပေါ်စေခြင်း၊ (ခ) စတ္တိုးပေါက်ကျေးရွာ နှင့် အောင်ချမ်းသာရွာ ရေကြီး ရခြင်းမှာမိုးများ ခြင်းကြောင့်လက်လုပ် ဆည်များကျိုး ပေါက်၍ ရေကြီးခြင်း၊ (ဂ)ဆင်သေချောင်းတိမ် ကောလာခြင်း၊ | (က)ရေဦးမြောင်းမတော် ဘောင်ချဲ့လိုက်သည့်အတွက် မူလရှိသုညတံတားကိုဘောင် နှင့်အညီအရှည်တည် ဆောက်ရ မည်ဖြစ်သော် လည်း တံတားကိုမူလ အတိုင်းထားရှိခဲ့သဖြင့်ရေစီး ဆင်းမှုကိုအဟန့်အတားဖြစ် စေသောကြောင့်ဘောင်နှင့် တစ်ညီတည်းဖြစ်သည့်တံ တားပြု ပြင်တည်ဆောက် ပေး ရန်။ (ခ) တရားမဝင်တည် ဆောက် ထားသည့် လက်လုပ်ဆည်များ စစ်ဆေး ၍စိစစ်ချထားပေးရန်၊ (ဂ)ဆင်သေချောင်းတိမ်ကော မှုကိုကာကွယ်ရန်အတွက်မြေ ထိန်းနံရံများတည်ဆောက် ခြင်း နှင့်သဲသောင်တူးခြင်း များ ဆောင်ရွက်ရန်၊ (ဃ)သစ်တောစိုက်ခင်းများ ပြန်လည်ထူထောင်ရန် |
| | ပုသိမ်ကြီး မြို့ နယ် | ပျော်ဘွယ်ကျေး ရွာ၊ ဝင်းခြံကျေးရွာ၊ ကျွန်းဆင်ကျေးရွာ | မိုးကြီးခြင်းနှင့်ဧရာဝတီ မြစ်ရေကြီးခြင်းကြောင့် ကမ်းပါးများ ပြိုကျခြင်း | ကျွန်းဆင်ကျေးရွာတွင်ကမ်း ပါးပြိုခြင်းအတွက်ရေ ကြောင်း ထိန်းသိမ်းခြင်း နှင့်ရေထိန်းနံရံများတည် ဆောက်ပေးရန်၊ |

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် (မြို့နယ်) | ကွင်းဆင်း ကောက်ယူခဲ့သည့် ကျေးရွာ/ ရပ်ကွက် | တွေ့ရှိချက်များ | လိုအပ်ချက်များ |
|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ |
| | စဉ့်ကူးမြို့နယ် | စဉ့်ကူးရပ်ကွက် (၂)၊ရွှေလှေကျေး ရွာ၊ဆည်သည် ကျေးရွာ၊ ထုံးကြီးကျေးရွာ၊ တောင်အင်း ကျေးရွာ | ရွှေလှေအုပ်စုအပိုင်းကျီ တော်ကုန်း-ရွှေလှေလမ်း ဖောက် လုပ်စဉ်က ၁၈ ပေကျယ်ဝန်းသော်လည်း တစ်နှစ်လျှင်(၁) ပေ နှုန်း တိုက်စား မှုဖြင့်တိုက် စား လျက်ရှိရာ ယခုအခါ အချို့ နေရာများတွင်၇ပေ၊ အချို့ နေရာများ တွင် ၁၀ ပေ ၁၂ပေ ခန့်သာကျန်ရှိခြင်း၊ | မြစ်ရေတိုက်စားမှုကိုခံနိုင် ရည်ရှိသည့်ကျေးရွာချင်း ဆက်လမ်း များတည်ဆောက်ရန်၊ |
| ၇ | **ကချင်ပြည်နယ်** | | | |
| | ဗန်းမော်မြို့နယ် | ကံသာကျေးရွာ၊ သပြေကုန်းရွာ | မိုးများသောကြောင့်အထ က် ပိုင်းမှမြစ်ရေစီး ဆင်းမှုများ ခြင်း၊မြစ်ရေ မြင့်တက်မှုကြောင့်မြစ် ကမ်း ဘေးတွင် ရှိပြီး ရေကြီးမှုများကြောင့်မြစ် ကမ်းပါးများပြိုကျခြင်း၊ ဧရာဝတီမြစ်ရေတိုက်စား မှုကြောင့်စိုက်ပျိုးမြေများ၊ နေထိုင်သည့်မြေနေရာများ ဆုံးရှုံးရခြင်း၊ | မြစ်ကြောင်းထိန်းသိမ်းရေး လုပ်ငန်းများဆောင်ရွက် ရန်နှင့် သောင်တူးဖော်ခြင်း လုပ်ငန်း များဆောင်ရွက်ရန်၊ |
| | မိုးညှင်းမြို့နယ် | ညောင်ပင်သာရွာ၊ အရှေ့စုရပ်ကွက် | မိုးကြီးခြင်းကြောင့်တံ တားပြိုခြင်း၊နန့်ရင်း ချောင်းရေလျှံ၍ ရပ်ကွက်အတွင်းရေဝင် ရောက်ခြင်း၊ | နန့်ရင်းချောင်းရေကာတာ များတည်ဆောက်ပေးရန်၊ |
| ၈ | **ကယားပြည်နယ်** | | | |
| | လွိုင်ကော် မြို့ နယ် | နမ့်ကွတ်ရပ်ကွက်၊ ဒေါ်နိုးကူး ရပ်ကွက် | နမ့်ကွတ်ရပ်ကွက်ကိုပတ် ထားသောတာပတ်လမ်း ရှိပြီးနိမ့် သောနေရာများမှ ရေဝင်ရောက်ပြီးရေများ ပြန်မထွက်နိုင်ဘဲ (၄)လ ခန့် ရေကြီးနစ်မြုပ်ခြင်း၊ | ပြန်မထွက်နိုင်ဘဲတင်ကျန်နေ သောရေများကိုစုပ်ထုတ်နိုင် ရန်ရေစုပ်စက် (၁၀)လုံး ခန့်လိုအပ်ခြင်း၊ |

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် (မြို့နယ်) | ကွင်းဆင်း ကောက်ယူခဲ့သည့် ကျေးရွာ/ ရပ်ကွက် | တွေ့ရှိချက်များ | လိုအပ်ချက်များ |
|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ |
| **၉** | **ကရင်ပြည်နယ်** | | | |
| | ဘားအံမြို့နယ် | တရုတ်လှကျေးရွာ | မြိုင်ကလေးဘိလပ်မြေ စက်ရုံအတွက်နိုင်ငံခြား သင်္ဘောများဆိုက်ကပ်နိုင် ရန်ရေလမ်း ကြောင်း ပြောင်းလဲစေရန် အတွက်ရည်ရွယ်၍သံလွင် မြစ်အတွင်းကန့်လန့်ဖြတ် အနေအထားဖြင့်မြစ်၏ သုံးပုံနှစ်ပုံခန့်ကျောက် တန်းချထားမှုကြောင့်သံ လွင်မြစ်ရေကြီးလာသည့် အခါကျောက်တန်း ကို ကျော်လာ သော အရှိန် ပြင်း သည့်ရေလှိုင်းများ သည် တရုတ်လှကျေးရွာ ကမ်း ပါးသို့လာရောက် တိုက် ခတ်သဖြင့် ကမ်းပါးပြိုရခြင်း၊ | တရုတ်လှကျေးရွာမြစ်ကမ်းပ ါးအနီးရေလမ်းကြောင်း ပြောင်း စေသည့်ကျောက် တန်း ချထားမှုအား ပြန်လည်စိစစ်ပေးပါရန်၊ |
| **၁၀** | **ချင်းပြည်နယ်** | | | |
| | ဟားခါးမြို့နယ် | မြို့ဟောင်း ရပ်ကွက်၊ဈေးသစ် ၊ ဈေးဟောင်း၊ ပြည်တော်သာ၊ မြို့သစ်၊ ကျောဘုတ်၊ သီနန်းကျေးရွာ | မိုးသည်းထန်စွာရွာသွန်း၍ မြေပြိုမှုဖြစ်ပွားခဲ့ခြင်း၊ | (က) ချင်းပြည်နယ်အတွင်း သစ်တောများကိုစနစ်တကျ စိုက်ပျိုးပေးရန်၊ (ခ) ရေစီးဆင်းမှုကောင်း မွန်စေရန်အတွက်ရေနုတ် မြောင်းများဖောက်လုပ်ပေး ရန်၊ |
| | ဖလမ်းမြို့နယ် | ဒုမန်းကျေးရွာ၊ ဇော်ပီးကျေးရွာ | မိုးသည်းထန်စွာရွာသွန်း၍ မြေပြိုမှုဖြစ်ပွားခဲ့ခြင်း ကြောင်းကျေးရွာများ ပြောင်းရွှေ့ရခြင်း၊ | (က)ပြောင်းရွှေ့ထားသော ကျေးရွာများကိုစနစ်တကျ ဆောင် ရွက်ပေးရန်၊ (ခ)ကျေးရွာချင်းဆက်လမ်း များကောင်းမွန်အောင်ဆောင် ရွက်ပေးရန်၊ |

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် (မြို့နယ်) | ကွင်းဆင်း ကောက်ယူခဲ့သည့် ကျေးရွာ/ ရပ်ကွက် | တွေ့ရှိချက်များ | လိုအပ်ချက်များ |
|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ |
| | မင်းတပ်မြို့နယ် | ချိုင်ကျေးရွာ၊ မလိုင်ကျေးရွာ | မိုးသည်းထန်စွာရွာသွန်း၍ မြေပြိုမှုဖြစ်ပွားခဲ့ခြင်း ကြောင်းကျေးရွာများ ပြောင်းရွှေ့ရခြင်း၊ | ပြောင်းရွှေ့ထားသောကျေးရွာ များအတွက်စာသင်ကျောင်း များတည်ဆောက်ပေးရန်၊ |
| ၁၁ | **တနင်္သာရီတိုင်းဒေသကြီး** | | | |
| | ကော့သောင်း မြို့နယ် | ရွှေဇင်ယော် ရပ်ကွက်၊ ပုလုံးတုံးတုံးရွာ | (က)ကော့သောင်းမြို့ သည်အ ဆောက်အဦများ ကိုတောင် ကုန်းတောင် စောင်း များတွင် ဆောက်လုပ်ထား ရှိကြပြီး မိုး ကြီးလျှင်မြေပြိုခြင်း၊ (ခ)ပုလုံးတုံးတုံးကျေးရွာ သည်ပင်လယ်နှင့်နီးကပ် စွာတည်ရှိသဖြင့်ပင်လယ် ရေမြင့်တက် လာခြင်း၊ မိုးကြီးခြင်းများ ကြောင့် ရေဘေးကြုံတွေ့ရခြင်း | (က)ကော့သောင်းမြို့နယ်ပု လုံးတုံးတုံးကျေးရွာတွင် သဘာဝ ဘေးအန္တရာယ် ကြုံတွေ့ ပါ က ရွှေ့ပြောင်း နေထိုင်နိုင်သည့် Shelter များတည်ဆောက်ရန်၊ |
| | လောင်းလုံး မြို့ နယ် | သဘော့ဆိပ် ကျေးရွာ | ပင်လယ်နှင့်နီးကပ်စွာ တည်ရှိသဖြင့်ပင်လယ်ရေ မြင့်တက် လာခြင်း၊ မိုးကြီးခြင်းတို့ကြုံတွေ့ခဲ့ရ ခြင်း၊ | သဘာဝဘေးအန္တရာယ်ကြုံ တွေ့ပါကရွှေ့ပြောင်းနေထိုင် နိုင် သည့် Shelter များတည်ဆောက်ရန်၊ |
| ၁၂ | **မွန်ပြည်နယ်** | | | |
| | မော်လမြိုင် မြို့ နယ် | မောင်ငံရပ်ကွက်၊ ကွင်းရပ်ရပ်ကွက်၊ သီရိမြိုင်ရပ်ကွက်၊ သီရိမင်္ဂလာ ရပ်ကွက်၊ မရမ်းကုန်း ရပ်ကွက်၊သာယာ အေးရပ်ကွက် | မိုးရာသီတွင်အနိမ့်ပိုင်း၌ ရေလျှံမှုများဖြစ်ပေါ်လျှက် ရှိပြီးရေစီးရေလာမြောင်း များမှာလည်းလမ်းဖောက် လုပ်မှုကြောင့်ပိတ်ဆို့သွား ပြီးလမ်းဖောက်လုပ်ရာ တွင်ရေမြောင်းပြုလုပ်ရန် ချ ထားသောရေမြောင်း ပိုက်များမှာသေးငယ်ခြင်း ကြောင့်ရေ များ အလွယ် တကူ မစီးဆင်း နိုင်ဘဲ | သံလွင်မြစ်ထဲသို့မြောင်းရေ များစီးဆင်းရန်ရေမြောင်း ကြီးများ နှင့်ရေပိုက်အကြီး စား များအ သုံးပြုဖောက်ပေး ရန် လိုအပ်ခြင်း၊ |

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် (မြို့နယ်) | ကွင်းဆင်း ကောက်ယူခဲ့သည့် ကျေးရွာ/ ရပ်ကွက် | တွေ့ရှိချက်များ | လိုအပ်ချက်များ |
|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ |
| | | | ရပ်ကွက်အတွင်းနှင့် အသစ်ဖောက်လုပ်ထား သော ကမ်းနားလမ်းများ ပေါ်တွင် ရေလျှံမှုများ ဖြစ်ပေါ်ခြင်း၊ | |
| **၁၃** | **ရခိုင်ပြည်နယ်၊** | | | |
| | ကျောက်တော် မြို့နယ် | သရက်တပင်ရွာ၊ စပါးဆိပ်(သရီ)ရွာ ၊ | (က)ကျေးရွာအုပ်စု (၂) ခုတွင် မြစ်သို့စီးထွက်သော ချောင်း၊ မြောင်း၊ လက်တံမြောင်းမှာ (၂)ခု၊(၃)ခုသာရှိ၍မိုးကြီး ခြင်း ဖြစ်ပေါ်လာပါက ရေထွက် ပေါက်အလွန် နည်း ပါး၍ရေဝပ် (ရေကြီး)နေခြင်း၊ (ခ)ချောင်းမှာလည်းရွံ့နွံ များ၊အမှိုက်များဖြင့်ပြည် လျှံနေခြင်းကြောင့်ရေစီး ရေလာပိတ် ဆို့ခြင်း၊ တချို့နေရာများတွင် နုန်းများကြောင့်ရေစီး ဆင်းမှုအားနည်းနေခြင်း၊ | (က) ကစ္ဆပနဒီမြစ်သို့အထွက် မြောင်းတူးပေးရန်၊ (ခ) ချောင်းအောက်ခြေတူး ပေး ရန်၊ |
| | ကျောက်ဖြူ မြို့နယ် | သဲတန်းကျေးရွာ၊ တန်းခရိကျေးရွာ | ပင်လယ်ကျွန်းစုဒေသများ ဖြစ်၍မုန်တိုင်းများဝင်ရော က်ခြင်း၊ဒီရေလှိုင်းများနှင့် အတူသဲနုန်းများဖုံးလွှမ်း၍ လယ်ယာမြေ များ နှင့်သီးနှံစိုက်ခင်းများ ပျက်စီးခြင်းများ မကြာခဏ ကြုံရခြင်း၊ | တန်းခရိကျေးရွာအတွင်း သို့ဒီ ရေလှိုင်းနှင့်သဲနုန်းများ ဝင် ရောက်ဖုံးလွှမ်းခြင်း မှကာကွယ်ရန်ရွာပတ်လည် ပေ(၃၀၀၀)ခန့်တာတမံများ တည်ဆောက်ပေးရန်၊ |
| | မင်းပြားမြို့နယ် | မြစ်နားကျေးရွာ၊ နောနော်ကျေးရွာ | (က)မြစ်နားကျေးရွာနှင့် နောနော်ကျေးရွာသည် လေးမြို့မြစ်ကမ်းနဘေး | (က)မြစ်နားကျေးရွာဘေးရှိ လေးမြို့မြစ်အတွင်းသောင် ထွန်းနေမှုများအား |

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် (မြို့နယ်) | ကွင်းဆင်း ကောက်ယူခဲ့သည့် ကျေးရွာ/ ရပ်ကွက် | တွေ့ရှိချက်များ | လိုအပ်ချက်များ |
|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ |
| | | | တွင်တည်ရှိပြီး၊နောနော် ကျေးရွာတွင်တည်ရှိသည့် နောနော်ချောင်းသည် တိမ်ကောနေသဖြင့်မြစ် ရေကြီးသည့်အခါတွင်ရေ များသည်ရွာထဲသို့ဒလ ဟောစီးဝင်ခြင်း၊ (ခ)အဆိုပါကျေးရွာတွင် မြစ် ရေစီးထွက်ရန် အတွက်ရေ ထွက်ပေါက် မရှိခြင်း၊ | တူးဖော်ပေးရန်၊ (ခ) ရေစီးရေလာကောင်း မွန်ရန် အတွက်တိမ်ကော နေသောနောနော်ချောင်းအား တူးဖော်ရန်နှင့်နောနော် ချောင်းအတွင်းသို့စီး ဝင်းသောမြောင်းများအား တူး ဖော်ပေးရန်၊ |
| **၁၄** | **ရန်ကုန်တိုင်းဒေသကြီး** | | | |
| | မှော်ဘီမြို့နယ် | မြစ်ကျိုးကျေးရွာ အုပ်စု | (က)ရေမြင့်တက်မှုအနေ ဖြင့်အိမ်ခြေမှအမြင့် (၇) ပေခွဲ ခန့်ရှိပြီး ရေကြီးသည့်အချိန် တွင်အဆိပ်ရှိသော မြွေများ ရှိခြင်း၊ (ခ) ကျေးရွာများရှိတွင်း ရေတွင်အာဆင်းနစ်ဓာတ် (ခေါ်) သံဓာတ်များ ပါဝင်နေပြီးသောက်သုံးရန် မသင့်တော်ခြင်း၊ | (က)မြွေအန္တရာယ်ရှိသဖြင့်အ ချိန်မီကုသနိုင်ရန်ကျေးလက် ဆေးပေးခန်းများဖွင့်ပေးနိုင် ရန်၊ ကျန်းမာရေး စောင့်ရှောက်မှုနှင့် ဆက်စပ်အသိပညာများ ဖြည့်ဆည်းပေးရန်၊ (ခ)သောက်သုံးရေရှားပါး မှုကိုဖြည့်ဆည်းပေးရန်၊ |
| | တိုက်ကြီး မြို့ နယ် | ငါးလာချောင်း ကျေးရွာအုပ်စု၊ ကြွေပုဂံချောင်း ကျေးရွာအုပ်စု၊ | (က)ဧရာဝတီမြစ်ကမ်း နံဘေးတွင်တည်ရှိပြီး ဧရာဝတီမြစ်ရေနှင့် လှိုင်မြစ်ရေမြင့်တက်ခြင်း ကြောင့်ကမ်းပတ်တာ ရေစိမ့် ဝင်ခြင်းနှင့် ရေလျှံမှုများဖြစ် ပေါ်ခြင်း၊ (ခ)မြစ်ကမ်းပါးများရေ တိုက်စားလာခြင်း (ဂ) ကြွေပုဂံချောင်း ကျေးရွာ အုပ်စုတွင်နှစ်စဉ် | (က)ငါးလာချောင်းကျေးရွာ အုပ်စုတွင်စွန့်ပစ်တာဟောင်း ကိုပြန်လည်ပြုပြင်ပေးရန်၊ (ခ)ရေတိုက်စားကမ်းပြိုလာ ခြင်းကြောင့်မြစ်ကမ်းနံဘေး တွင်ရှိသောအိမ်ခြေ(၉၀)အား စိစစ်နေရာပေးနိုင်ရန်၊ (ဂ)ကြွေပုဂံချောင်းကျေးရွာ အုပ်စုတွင်ကမ်းပတ်တာအား ပြန် လည်ပြုပြင်ပေးရန်၊ ရေနံတာ အားရေထွက် |

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် (မြို့နယ်) | ကွင်းဆင်း ကောက်ယူခဲ့သည့် ကျေးရွာ/ ရပ်ကွက် | တွေ့ရှိချက်များ | လိုအပ်ချက်များ |
|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ |
| | | | ရေမြင့်တက်မှုမှာအိမ်ခြေမှ အမြင့် (၈ပေ)၊ (၁၀)ပေခန့်ရှိခြင်း၊ | တူးမြောင်းဖောက်လုပ်ပေး ရန်၊တရားမဝင်ငါးမွေးကန် များကြောင့်ရေထွက်ပေါက် များပိတ်ခြင်းအားစိစစ်ပေး ရန်၊ |
| | သုံးခွမြို့နယ် | ရန်ကြီးအောင်ရွာ၊ ရေခလာကျေးရွာ၊ | လေပြင်းတိုက်ခြင်း၊ ရေကြီးခြင်း၊ | ပင်လယ်နှင့်နီးသောကြောင့် ရေတက်ချိန်တွင်ကျေးလက် နေပြည်သူများတိမ်းရှောင်ရန် လမ်းမရှိသောကြောင့်အခက် အခဲများစွာရှိခြင်း၊ |
| | တွံတေးမြို့နယ် | ကျွန်းဘက်ကရင် ချောင်ကျေးရွာ အုပ်စု၊ ရွှေလှေချောင် ကျေးရွာအုပ်စု၊ | (က)ကမ်းပါးပြိုခြင်း၊ မြေပြိုမှုဖြစ်ပွားခြင်း၊ | (က)နှစ်စဉ်ကမ်းပြိုမှုဖြစ်ပွား သောကြောင့်ရေထိန်းနံရံ တည် ဆောက်ပေးရန်၊ |
| **၁၅** | **ရှမ်းပြည်နယ်** | | | |
| | ရွာငံမြို့နယ် | ဝက္ကပူးကျေးရွာ၊ တောင်ကြားရွာ၊ လူးကျေးရွာ၊ မြစ်ဆုံကျေးရွာ | မြစ်ဆုံကျေးရွာတွင်ကျေး ရွာသူ/ သား အများစုမှာထင်းခုတ်၊ ဝါးခုတ်၊မီးသွေးဖုတ်လုပ် ငန်း များသာလုပ်ကိုင်စား သောက် နေကြရသည့် အတွက် သစ်ပင်၊ သစ်တောပြုန်းတီးခြင်း များ ဖြစ်ပေါ်နေခြင်း၊ | သစ်ပင်၊သစ်တောပြုန်းတီး ခြင်းများဖြစ်ပေါ်နေသည့် အတွက်သဘာဝပတ်ဝန်း ကျင်ကိုထိခိုက်စေကာသဘာ ဝဘေးအန္တရာယ်ဖြစ်ပေါ်လာ စေနိုင် သည့်အတွက် အလုပ်အကိုင် အခွင့်အလမ်း များဖန်တီးပေး နိုင်ရေး ဖြည့်ဆည်းပေးရန်၊ |